# ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ သောကြာနေ့ (13-12-2013) (၇၆၉၃)


## လေဖိအားနည်းရပ်ဝန်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေသို့ ဦးတည်ရွေ့လျားလျက် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရကြောင်း သိရသည်။ (ကြေးမုံ)

**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ်(၄၀)ပြည့် အာဆီယံ–ဂျပန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ဂျပန်–မဲခေါင် ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ရန် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၂

နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်မည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။(ယာပုံ)

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ည ၁၀ နာရီ ၁၀ မိနစ်တွင် All Nippon Air-ways (ANA)လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးရဲထွန်း၊ ဒေါက်တာမောင်မောင်ဌေး၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



## မျိုးချစ်စိတ်ကိုအရင်းခံသည့် ပရိသတ်၏တက်ကြွသည့်အားပေးမှုဖြင့် မြန်မာအမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းအသင်းများ မလေးရှားကို ပြတ်သားစွာအနိုင်ယူ



နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့တွင်ကျင်းပသည့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ နိုင်ငံတကာမှအားကစားပြိုင်ပွဲဝင် မောင်မယ်များနှင့်အတူ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာပရိသတ်များ သောင်းသောင်းဖြဖြ တက်ရောက်အားပေးကြသည်။

အမျိုးသားခြင်းလုံးပြိုင်ပွဲဝင် အမျိုးသားအသင်း ကွင်းအတွင်းသို့ ဝင်ရောက်လာချိန်တွင် ပရိသတ်များ၏အားပေးသံများက ဘဝင်္ဂညံစွာဆူညံသက်ဝင်လာသည်။ သွေးပူလေ့ကျင့်ခန်းလေ့ကျင့်နေစဉ်၌ပင် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်မြတ်နိုးသောစိတ်ဖြင့် ပရိသတ်က အားပေးကြခြင်းဖြစ်သည်။ ပွဲကြီးသုံးပွဲအတွက် ပထမပွဲစဉ်ကြီးတွင် ပွဲစဉ်ငယ်သုံးပွဲကစားရာ ပထမပွဲငယ်အစမှာပင် မြန်မာပရိသတ်၏ အားပေးမှုက ကြောက်ခမန်းလိလိပင်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေ့အဖြစ် နေပြည်တော် ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားခန်းမ(ဘီ)ရှိ၌ ဒီဇင်ဘာ ၁၂ ရက်က ဆက်လက်ကျင်းပစဉ်။**

(ချမ်းသာ-မိတ္ထီလာ)




**ကြေးမုံစာတည်းရှုထောင့်** **၁၃-၁၂-၂၀၁၃၊ သောကြာနေ့**

# မြောက်ပြန်လေအေး

ကျွန်ုပ်တို့နိုင်ငံတွင် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ ဖွံ့ဖြိုးမှု အရှိန်အဟုန်များ ဖြစ်ထွန်းလာသည်။ ထိုကာလတွင် နှစ်ပေါင်းလေးဆယ်ကျော်ကင်းကွာခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲကြီးကိုလည်း အမိမြေတွင် ကျင်းပခွင့်ရလာခဲ့သည်။ ယင်းသည် မြန်မာတို့၏ဂုဏ်ဒြပ်နှင့် မြန်မာတို့၏အောင်မြင်မှုဖြစ်သည်။

နေပြည်တော်နှင့် ရန်ကုန်၊ မန္တလေး၊ ငွေဆောင်အပါအဝင် နေရာဒေသအသီးသီးတွင် အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုများကို တစ်နိုင်ငံလုံးက အုန်းအုန်းကျွက်ကျွက်အားပေးလျက်ရှိသည်။ ကြိုးစားအားထုတ်မှုနှင့် ဖွဲ့လုံ့လဝီရိယတို့ ပေါင်းစပ်ထားသည့် ယှဉ်ပြိုင်အောင်မြင်မှုများက ပီတိမဆုံးဖြစ်သည်။

အားလုံး၏အောင်မြင်သောလှုပ်ရှားမှုများကို မြောက်ပြန်လေအေး ပက်ဖျန်းပေး၍ အမောပြေစေသည်။ ဒီဇင်ဘာသည် ကျွန်ုပ်တို့နိုင်ငံအတွက် ဆောင်းရာသီအအေးဆုံးကာလဖြစ်သည်။ ချမ်းအေးသည့်ကာလတွင် မြောက်ပြန်လေအေး ထပ်ဆင့်ပေးခြင်းသည် တက်ကြွသည့် အားကစားသမားများနှင့် လှုပ်ရှားအားပေးကြသော ပြည်သူအားလုံးတို့ကို နွေးထွေးလန်းဆန်းမှုများ ဖြစ်စေခဲ့သည်။

ဤကဲ့သို့ အေးမြသည့်မြောက်ပြန်လေက ကျွန်ုပ်တို့နိုင်ငံကို ထူးခြားစွာအကျိုးပြုလေသည်။ ဆီးဂိမ်းကို အေးချမ်းစွာကျင်းပခွင့်ရသည်။ သဘာဝကပေးသော လက်ဆောင်ဟုဆိုရမည်။ ထိုလက်ဆောင်ကပင် ကျွန်ုပ်တို့ နိုင်ငံတွင် ဆင်နွှဲနေသော ပွဲတော်ကြီးကို အနှောင့်အယှက်မဖြစ်အောင် ကူညီပေးနိုင်ခဲ့သည်။

နွေးထွေးသည့်လေပြေနှင့်အတူ ဆီးဂိမ်း၏စွမ်းအားလျော့မသွားအောင် ပံ့ပိုးနိုင်ခဲ့သည်။ ဘယ်ခြောက်ကာ ညာလှမ်းသည့် နှောင့်ယှက်မည့်မုန်တိုင်းမဒီက ဆီးဂိမ်းကို မကျော်လွှားနိုင်။ မုန်တိုင်းမဒီ၏ လမ်းကြောင်းသည် နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးပြောင်းလဲမှုဖြစ်သည်ဟု မိုးလေဝသပညာရှင်တို့က သုံးသပ်၏။

အဘယ်ကြောင့် ထိုသို့ပြောင်းလဲရသနည်း။ မြန်မာတို့၏ ကံကြမ္မာဟု ဆိုရမည်လော။ မိုးလေဝသပညာရှင်တို့၏ ထုတ်ဖော်ပြောကြားချက်အရ မြောက်ပြန်လေ၏ကျေးဇူးကြောင့်ဟုဆိုသည်။ မြန်မာ့ကမ်းရိုးတန်း၏ ပင်လယ်ပြင်ပူနွေးမှုသည် မဒီဟူသော မုန်တိုင်းကို ဖြစ်စေခဲ့သည်။

မူလက မြန်မာနိုင်ငံသို့ ဦးတည်နိုင်သော်လည်း မြောက်ပြန်လေက ဖယ်ရှားပေးနိုင်ခဲ့သည်။ မြောက်ဘက်မှ တောင်ဘက်သို့ အင်နှင့်အားနှင့် စီးဆင်းလာသည့် မြောက်ပြန်လေအေးစီးကြောင်းက မုန်တိုင်းမဒီကို လမ်းကြောင်းပြောင်းပေးနိုင်ခဲ့သည်။

အားကစားပြိုင်ပွဲများမှ အားကစားမောင်မယ်များနှင့် တစ်နိုင်ငံလုံးရှိ ပရိသတ်များအား လန်းဆန်းစေခဲ့သော မြောက်ပြန်လေဟုဆိုရမည်ဖြစ်သည်။ မုန်တိုင်းမဒီကိုအဝေးနှင်ကာ ဆီးဂိမ်းကိုကြိုဆိုခဲ့သော မြောက်ပြန်လေဟုလည်း ဆိုနိုင်ပါသည်။

ထိုကဲ့သို့ မြောက်ပြန်လေ၏ အကျိုးသက်ရောက်မှုများဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ပြိုင်ပွဲစတင်သောနေ့မှ ပြီးဆုံးသည့်နေ့ရောက်သည့်တိုင် မြောက်ပြန်လေအေးနှင့်အတူ အားကစားသမားများနှင့် ပြည်သူအားလုံး အေးချမ်းပျော်ရွှင်စွာဖြင့် တက်တက်ကြွကြွ ဆက်လက်ဆင်နွှဲကြမည်ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခွင့်ရသဖြင့် ဂုဏ်ယူမဆုံးဖြစ်ကြရသလို ပွဲဦးထွက်ကစားကွက်များတွင်ပင် အောင်မြင်မှုအသီးအပွင့်များကို ရရှိခဲ့သဖြင့် ဝမ်းမြောက်မဆုံးဖြစ်နေရချိန်တွင် သဘာဝ၏အနှောင့်အယှက်ကင်းကင်းဖြင့် ဆက်လက်ယှဉ်ပြိုင် အားပေးခွင့်ရကြသဖြင့် နှလုံးစိတ်ဝမ်းချမ်းမြေ့ကြရသည်။

နှစ်ပေါင်း ၄၀ ကျော်တွင်တစ်ကြိမ်သာ ကြုံတွေ့ခွင့်ရခဲ့သည့် ထူးခြားမှုများနှင့်ဆုံတွေ့ခဲ့ရသည့် မြန်မာပြည်သူပြည်သားများ၏ ဝမ်းမြောက်ပီတိများနှင့် အာဆီယံနိုင်ငံများမှ အားကစားသမားများအတွက် ကျေနပ်ဖွယ်ကောင်းသော မြန်မာနိုင်ငံ၏အနေအထားကောင်းများမှာ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ကံတရားနှင့် ကျွန်ုပ်တို့ မြန်မာများ၏ စွမ်းဆောင်မှုများဟု ဆိုနိုင်ပါသည်။ ။

# လာအိုနိုင်ငံသမ္မတနှင့်ဇနီးတို့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော်  ဒီဇင်ဘာ  ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မစ္စစ် ကေအိုဆိုင်ကျိုင်းဆိုင်ညဆွန်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**





## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၅၀၀ - ၆၆၀၅၀၀ | |
| မန္တလေး | ရွှေဈေး | ၆၅၉၄၀၀ - ၆၆၀၄၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၂. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၇၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၇၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၅၆. ၅၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၉၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၈. ၂၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၃. ၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**










# အာဆီယံနိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Sebastianus Sumarsono အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံစစ်သံမှူး Colonel Helda Risman တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တာဝန်ထမ်းဆောင်ချိန်အတွင်း မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့မှုများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ၊ ဒီမိုကရေစီဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံနိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒုတိယဝန်ကြီးများဖြစ်သော ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်တို့နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနမှဦးဆောင်၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (National Strategic Plan for Advancement of Women (NSPAW) 2013-2022) ကိုအတည်ပြုပြဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဧရိယာ ၁၂ ခုမှာ အမျိုးသမီးများနှင့်အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများအတွက် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအားအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ၊ အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီးများနှင့်ဆုံးဖြတ်ချက်ချမှတ်မှု၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းယန္တရား၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် လူထုဆက်သွယ်ရေး၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်များစသည့် အချက်များဖြစ်ပါကြောင်း၊ နည်းဗျူဟာလေးရပ်မှာ သုတေသနပြုခြင်း(သို့) စစ်တမ်းကောက်ယူခြင်း၊ အသိပညာပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်နှင့်မူဝါဒချမှတ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gender Equality Network တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအား အကြမ်းဖက်မှုကို လေ့လာသည့် အရည်အသွေးအခြေပြု သုတေသနစာတမ်းအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အစီအစဉ်အရ Gender Equality Network, Women's Organization Network, UNDP, UNFPA, CARE Myanmar, ActionAid, Color Girls, Charity oriented Myanmar ဖန်တည်းအိမ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများအား အကြမ်းဖက်မှုကို လေ့လာသည့် အရည်အသွေးအခြေပြု သုတေသနစာတမ်းသည် Qualitative Study ဖြစ်သောကြောင့် သုတေသီအဖွဲ့မှ ပိုမိုအလေးထားဆောင်ရွက်ရန် ပြောကြားကြောင်း သိရသည်။

**(သတင်းစဉ်)**

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ယနေ့ ညနေ ၃ နာရီ ၄၉ မိနစ် ၄၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သပိတ်ကျင်းမြို့၏တောင်ဘက် ၁ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ဝရှေ့ဖုံးမှ

ပွဲစဉ်အစမှာပင် မြန်မာအမျိုးသားအသင်းက မလေးရှားအသင်းကို သွေးတိုးစမ်းသကဲ့သို့ အမှတ်မတိမ်းမယိမ်းဖြင့် နောက်ကလိုက်လိုက်၊ ရှေ့ကဦးဆောင်လိုက်ဖြင့် ကစားနေခဲ့သည်။ ပရိသတ်၏ အားမလိုအားမရဖြစ်စွာ ဟစ်အော်အားပေးသံများအောက်တွင် အမှတ်ကွာဟချက်က တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းလာသည်။ မြန်မာအသင်းသည် မြန်မာပရိသတ်၏ အားပေးမှုနှင့် လက်ခုပ်သံများအကြားမှ ဦးဆောင်အမှတ်များရယူလာနိုင်ခဲ့ပြီး ပထမပွဲငယ်၏ အဖြေကို ၂၁ မှတ် ၁၈ မှတ်ဖြင့် အဆုံးသတ် အောင်ပွဲဆင်နိုင်ခဲ့ရာ ပရိသတ်လက်ခုပ်သံများနှင့် မြန်မာဟု ကြွေးကြော်သံများက ကွင်းအတွင်း အတောမသတ်နိုင်အောင် ရှိနေခဲ့သည်။

သို့သော် ဒုတိယပွဲငယ်တွင် မြန်မာအမျိုးသားအသင်းသည် ၁၈ မှတ်၊ ၂၁ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့သောအခါ ပရိသတ်၏ အားပေးသံများက ပိုမိုကျယ်လောင်လာသည်ကို တွေ့ရသည်။

ထို့အတွက် မြန်မာအသင်းမှ ကစားသမားများသည် ပရိသတ်အားကိုကိုယ်ပိုင်စွမ်းအားအဖြစ် အသွင်ပြောင်းကာ ပထမပွဲစဉ်ကြီးအတွက် အဆုံးအဖြတ်ပေးသွားတော့မည့် တတိယပွဲငယ်တွင် အထူးအားစိုက်ယှဉ်ပြိုင်ကစားခဲ့ရာ မလေးရှားအသင်းကို ၂၁ မှတ် ၉ မှတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ယူလိုက်နိုင်ခဲ့သည်။

ဒုတိယပွဲစဉ်ကြီးတွင်လည်း မြန်မာအမျိုးသားအသင်းသည် ပွဲဦးထွက်အစ ပထမပွဲစဉ်တွင် မလေးရှားအသင်းကို ၂၁ မှတ် ၁၅ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရာ မြန်မာပရိသတ်များ မချင့်မရဲဖြစ်စွာ အားပေးသံများက ပိုမိုသက်ဝင်ဆူညံလာခဲ့သည်။

သို့သော် ဒုတိယပွဲစဉ်ကြီး၏ ဒုတိယပွဲစဉ်ငယ်ကို မြန်မာအသင်းက ၂၁ မှတ် ၁၄ မှတ်ဖြင့် အသာအယာအနိုင်ယူပြနိုင်လိုက်သောအခါတွင် ပရိသတ်များက ဝမ်းမြောက်ဝမ်းသာ အားပေးဂုဏ်ပြုလက်ခုပ်တီးကြသည်။

ပိုက်ကျော်ခြင်းခတ်အားကစားသည် မြန်မာတို့အတွက် ဘောလုံးပြီးလျှင် ဒုတိယနေရာလိုက်သည့် စိတ်ဝင်စားမှုအရှိဆုံး အားကစားနည်းဖြစ်ပေရာ ယနေ့တွင် အဆိုပါပြိုင်ပွဲသို့ ပရိသတ်မြောက်မြားစွာ လာရောက်အားပေးလျက်ရှိသည်ကို တွေ့ရသည်။

တစ်ခဲနက်ဟစ်ကြွေးအားပေးနေကြသည့် ပရိသတ်များ၏ လက်ခုပ်လက်ဝါးတီးသံ၊ ကြွေးကြော်သံများအောက်တွင် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ဒုတိယပွဲစဉ်ကြီးအတွက် အဆုံးအဖြတ်ပေးမည့် တတိယပွဲစဉ်ငယ်ကိုလည်း အမှတ်အသာဖြင့် အနိုင်ရသွားခဲ့ရာ ပရိသတ်တို့အားပေးသံသည်ကားလုံးဝရပ်တန့်မရနိုင်တော့ချေ။

ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးခြင်းလုံးအသင်းနှင့် မလေးရှားအမျိုးသမီးအသင်းတို့ပွဲစဉ်တွင်လည်း မြန်မာအမျိုးသမီးအသင်းက မလေးရှားအသင်းကို ပွဲစဉ်ကြီး သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

မိမိနိုင်ငံတွင်ကျင်းပသည့်အတွက် ပရိသတ်အားကို အပြည့်အဝရရှိသည့်အတွက် မြန်မာ့အားကစားမောင်မယ်များအတွက် အလွန်တန်ဖိုးရှိသည့် ခွန်အားသစ်တစ်ရပ်ကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်နေသည်ကိုလည်း ယနေ့ပွဲစဉ်တွင် မှတ်မှတ်ထင်ထင် မြင်တွေ့ရသည်။

"မြန်မာပရိသတ်တွေရဲ့ အားပေးမှုကတော့ တကယ့်ကို အံ့သြစရာပဲ။ ကျွန်မတစ်သက်မှာ အခုလိုမျိုး ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားပေးတဲ့ပရိသတ်အများကြီးတွေ့ဖူးတာ ဒါပထမဆုံးပါပဲ"ဟု အင်ဒိုနီးရှားပိုက်ကျော်ခြင်းခတ်အားကစားမယ်တစ်ဦးက အံ့သြစွာ ပြောပြသည်။

ပွဲစဉ်တစ်ပွဲပြီးဆုံးချိန်တွင် "တို့မြန်မာနိုင်ငံပြီ"သီချင်းကို ဖွင့်လှစ်တိုင်း ပရိသတ်က တစ်ခဲနက်ညီညာစွာ လိုက်ပါသီဆိုအားပေးကြသည်ကိုလည်း တွေ့မြင်ရသည်။

တတိယပွဲစဉ်ကြီးကို ဆက်လက်ကစားကြသော်လည်း မြန်မာအသင်းက နှစ်ပွဲပြတ်နိုင်ထားပြီးဖြစ်ရာ ပရိသတ်များက ဝမ်းမြောက်ဝမ်းသာ ဆက်လက်အားပေးကြသော်လည်း မလေးရှားအသင်းက အနိုင်ရရှိသွားသည်။ သို့သော် သုံးပွဲတွင် နှစ်ပွဲအနိုင်ရရှိထားပြီးဖြစ်သည့် မြန်မာအသင်းကပင်လျှင် အနိုင်ရရှိသွားခဲ့သည်ဖြစ်ရာ စိတ်ဝင်တစား တက်ရောက်အားပေးကြသူ ပရိသတ်များအဖို့ နှစ်ထောင်းအားရဖြစ်လောက်ဖွယ်ရာ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**အမျိုးသမီးအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားနှင့် မလေးရှားတို့ ယှဉ်ပြိုင်နေစဉ်။**

***(ဓာတ်ပုံ-စိုးညွန့်)***

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၃-၁၂-၂၀၁၃ (သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၀ | ပွဲပြီးသုံးသပ်ချက်၊ ပွဲကြိုသုံးသပ်ချက် |
| ၈း၃၀ | လှေလှော်ပြိုင်ပွဲ (ကနူးပြိုင်ပွဲ) |
| ၉း၀၀ | ဘိလိယက်နှင့်စနူကာပြိုင်ပွဲ + ကရာတေးဒိုပြိုင်ပွဲ (ဖွင့်ပွဲအခမ်းအနား) |
| ၁၀း၀၀ | Sport News/ ပိုက်ကျော်ခြင်းပြိုင်ပွဲ (မြန်မာအသင်းနှင့်ထိုင်းအသင်း) (အမျိုးသမီး/အမျိုးသား) ပဏာမပြိုင်ပွဲ |
| ၂း၀၀ | Sport News / ပန်ကြပ်ဆီလတ် (ဗိုလ်လုပွဲ) |
| ၄း၀၀ | ကရာတေးဒို (ဆုပေးပွဲအခမ်းအနား) (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်း) (အမျိုးသမီး) |
| ၆း၄၅ | (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (မလေးရှားအသင်းနှင့် လာအိုအသင်း) (အမျိုးသား) |
| ၈း၄၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း - Hyper Sports |

နိုင်ငံတကာသတင်း

# ဟွန်ဒူရပ်စ် သမ္မတ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အနိုင်ရကြောင်း ကြေညာ

တီဂူစီဂွာလာပါ ဒီဇင်ဘာ ၁၂

**ဟွန်ဒူရပ်စ်နိုင်ငံအား လက်ရှိအုပ်ချုပ်နေသော ပါတီမှ သမ္မတလောင်း ဂူအမ်ဟော်လန်ဒိုဟာနန်ဒက်စ်သည် လွန်ခဲ့သည့်လအတွင်းက ကျင်းပခဲ့သော သမ္မတလောင်းရွေးချယ်ပွဲ၌ အနိုင်ရရှိခဲ့ကြောင်း ယင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည်။**

ယခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပခဲ့သော သမ္မတရွေးချယ်ပွဲ၌ လက်ရှိအာဏာရပါတီမှ သမ္မတလောင်းက ပြိုင်ဘက်ပါတီမှ သမ္မတလောင်းအား အနိုင်ရရှိခဲ့သည်ဟု ဆိုသည်။

ဟွန်ဒူရပ်စ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ မစ္စတာဟာနန်ဒက်စ်သည် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင်စတင်မည့် သမ္မတသက်တမ်း လေးနှစ်ရှိ ဟွန်ဒူရပ်စ်နိုင်ငံ သမ္မတအဖြစ် ထမ်းဆောင်ရမည်ဟုဆိုသည်။ မစ္စတာ ဟာနန်ဒက်စ်အား သမ္မတရွေးချယ်ပွဲ၌ ရှုံးနိမ့်ခဲ့သည့် မစ္စကက်စ်ထရို၏ခင်ပွန်းဖြစ်သူ မယ်လ်ဇီလာနာမှာ ၂၀၀၉ခုနှစ်အတွင်းက ဟွန်ဒူရပ်စ်သမ္မတအဖြစ်မှ ဖယ်ရှားခံခဲ့ရသူဖြစ်သည်။

မစ္စတာ ဟာနန်ဒက်စ်နှင့် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရွေးချယ်ခံသည့် မစ္စကက်စ်ထရိုက ၎င်း၏အောင်မြင်မှုကို လိမ်လည်လှည့်ဖြား လုယက်ခံရကြောင်း ပြောကြားခဲ့သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ထုတ်ပြန်သော ဟွန်ဒူရပ်စ်နိုင်ငံ သမ္မတရွေးကောက်ပွဲ ရလဒ်များကို မစ္စကက်စ်ထရိုအား ထောက်ခံသူများက ငြင်းပယ်ခဲ့ကြပြီး ဟွန်ဒူရပ်စ်နိုင်ငံ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က အဆိုပါ ရွေးကောက်ပွဲ၌ မစ္စတာ ဟာနန်ဒက်စ်က ဆန္ဒမဲအားလုံး၏ ၃၆ ဒသမ ၉ရာခိုင်နှုန်းနှင့် မစ္စကက်စ်ထရိုက ၂၈ဒသမ ၈ရာခိုင်နှုန်းရရှိခဲ့ကြောင်း ကြေညာခဲ့သည်။ **ဘီဘီစီ။**

## အီရန်တွင် ကားမတော်တဆဖြစ်၊ ၁၅ဦးထက်မနည်း သေဆုံး

တီဟီရန် ဒီဇင်ဘာ ၁၂

**အီရန်နိုင်ငံအလယ်ပိုင်း အစ်ဖာဟန်ပြည်နယ်တွင် ကားမတော်တဆဖြစ်ပွားရာ ၁၅ဦးထက်မနည်းသေဆုံးကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းဌာန အိုင်အာရ်အိုင်ဘီက ဒီဇင်ဘာ ၁၂ရက်တွင် ဖော်ပြသည်။**

ဒီဇင်ဘာ ၁၂ရက် နံနက် စောစောပိုင်းက နေအန်းမြို့သို့ ဦးတည် မောင်းနှင်သော ကားလေးစီးတိုက်မှုဖြစ်ပွားရာ ကားသုံးစီးမီးလောင်သွားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ သတင်းတွင်ဖော်ပြသည်။

ကားမတော်တဆမှုကြောင့် သေဆုံးသူ ၁၅ဦးအနက် ၁၁ဦးမှာ အာဖဂန်နစ္စတန်နိုင်ငံသားများဖြစ်ကြောင်း၊ အီရန် ခြောက်ဦးနှင့် အာဖဂန်နှစ်ဦး၊ အခြားနိုင်ငံသားရှစ်ဦး ဒဏ်ရာရရှိကြောင်း အဆိုပါရဲအရာရှိက ပြောကြားသည်။

တိုက်မိသော ကားများအနက် အာဖဂန်နိုင်ငံသားများ စီးနင်းလိုက်ပါလာသော ကားတစ်စီးက သတ်မှတ်မိုင်နှုန်းထက် ပို၍အမြန်မောင်းနှင်လာခြင်းကြောင့် ကားတိုက်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စက်တင်ဘာလအတွင်းက အီရန်နိုင်ငံမြောက်ပိုင်းရှိ တီဟီရန်-ကွမ်း အဝေးပြေးလမ်းမကြီးတွင် ကားမတော်တဆမှု ကြောင့် လူ ၄၀ သေဆုံးခဲ့ရသည်။

အီရန်နိုင်ငံတွင် ယာဉ်လမ်းကြောင်း မတော်တဆမှုကြောင့် နှစ်စဉ် လူ ၂၀၀၀၀ သေဆုံး၍ ၂၀၀၀၀၀ ဒဏ်ရာရရှိ ခဲ့ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**



ဟွန်ဒူရပ်စ်နိုင်ငံ သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတကို ထောက်ခံဆန္ဒပြသူများအား တွေ့ရစဉ်။

# သတင်းစာဆရာများအား ပြန်ပေးဆွဲခဲ့မှုများမှ ရပ်တန့်ရန် သတင်းမီဒီယာများက ဆီးရီးယားသူပုန်များအား တိုက်တွန်း

ဒမတ်စကတ် ဒီဇင်ဘာ ၁၂

**အဓိကကျသော နိုင်ငံတကာသတင်းမီဒီယာလုပ်ငန်းများဖြစ်သည့် ဗြိတိသျှအသံလွှင့်လုပ်ငန်း(ဘီဘီစီ)အပါအဝင် အဖွဲ့အစည်းများက ၎င်းတို့၏သတင်းမီဒီယာဝန်ထမ်းများအား ပြန်ပေးဆွဲမှုလုပ်ငန်းများ ရပ်တန့်ရေးနှင့် ပြန်လည်လွှတ်ပေးရေးအတွက် ဆီးရီးယားသူပုန်တပ်ဖွဲ့များအား တောင်းဆိုမှုများ ပြုခဲ့ကြသည်။**

ယင်းတောင်းဆိုမှုကို နိုင်ငံတကာ သတင်း အဖွဲ့အစည်း ၁၃ ခုက တောင်းဆို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် သတင်းစာဆရာ ဦးရေ ၃၀ကျော်ခန့်မှာ ဆီးရီးယားနိုင်ငံအတွင်း၌ ထိန်းသိမ်းခံနေရကြောင်း ယုံကြည်ရသည်။

မြောက်မြားစွာသော သတင်းသမားများ ပြန်ပေးဆွဲခံရမှုများ၌ စေ့စပ်ညှိနှိုင်းမှုများဖြင့်သာ ၎င်းတို့လွတ်မြောက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ရသည်။

စပိန်နိုင်ငံထုတ် အယ်မွန်ဒို သတင်းစာမှ စက်တင်ဘာလအတွင်းက ဖမ်းဆီးခံရသော ၎င်းတို့၏ သတင်းထောက်နှစ်ဦးနှင့်သွယ်ဝိုက်ဆက်သွယ်နေရသော အဖွဲ့ထံမှ တုံ့ပြန်မှုမရခဲ့သည့်အတွက် ပုဂ္ဂိုလ်ရေးဆက်သွယ်မှုများ ရပ်တန့်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းသတင်းစာမှ သတင်းထောက် ဂျာဗီးဟားကက်ပီဆိုဘာနှင့် အလွတ်ဓာတ်ပုံသတင်းထောက် ရီကာဒိုဂရာဘီရာ တို့သည် တူရကီနယ်စပ်အနီးရှိ အစ္စလာမ္မစ် အီရတ်ပြည်နယ်တစ်ခုတွင် ဖမ်းဆီးထိန်းသိမ်းခံနေရဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

## အစ္စလာမ္မစ်ခေါင်းဆောင်အား သေဒဏ်ချမှတ်မှု ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ် အတည်ပြု

ဒါကာ ဒီဇင်ဘာ ၁၂



ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က အစ္စလာမ္မစ်ခေါင်းဆောင် အဗ္ဗဒူကာဒါအား သေဒဏ်ချမှတ်မှုကို အတည်ပြုခဲ့ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က ၎င်းတင်သွင်းသော အသနားခံစာကို ပယ်ချခဲ့ပြီး ၎င်းအား သေဒဏ်ချမှတ်မှုအား အတည်ပြုခဲ့သည်။

လာမည့်အင်္ဂါနေ့တွင် အဗ္ဗဒူကာဒါအား သေဒဏ်စီရင်ရန် စီစဉ်ထားပြီး ယင်းနေ့ရက်မတိုင်မီ ပြစ်ဒဏ်လျှော့ပေါ့သည့်ရက်ကို သတ်မှတ်ထားခြင်းမရှိဟုဆိုသည်။

၁၉၇၁ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပါကစ္စတန်နိုင်ငံအုပ်စိုးမှုလွတ်မြောက်ရေးအတွက် ဆင်နွှဲခဲ့သော စစ်ပွဲကာလအတွင်း ၎င်းကျူးလွန်ခဲ့သော လူသားချင်းစာနာရေးဆိုင်ရာပြစ်မှုများအတွက် ဂျမားအစ္စလာမ်မီးယားပါတီခေါင်းဆောင်များက ငြင်းဆိုခဲ့ကြသည်။

ဂျမားအစ္စလာမ်မီးယားပါတီ၏ အဆိုအရ ယင်းဖြစ်ရပ်များသည် နိုင်ငံရေးဆိုင်ရာ လှုံ့ဆော်မှုများဖြစ်သည်ဟုဆိုသည်။ အဗ္ဗဒူကာဒါသည် ၁၉၇၁ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် သေဆုံးသွားသည့် သုံးသန်းမျှသော ဘင်္ဂလားဒေ့ရှ်ပြည်သူများအရေးတွင် အရေးပါသောပြစ်မှုများကို ကျူးလွန်ခဲ့သူ ခေါင်းဆောင်ငါးဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**


**ကန့်ကွက်နိုင် ကြောင်းကြော်ငြာ**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄) မြေကွက်အမှတ်(၁၂/၄၆) ဧရိယာ (၀. ၀၃၄) ဧက မြေအမျိုးအစား မြေပိုင်မြေ(အိမ်ရာမြေ) မြေကွက် တည်နေရာ-အမှတ်(၂၃၇)၊ ရတနာမြိုင်လမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အမည်ပေါက် ဒေါ်ဆောင်း မြေအား ကမာရွတ်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ်-၈/၂၀၁၂ စီရင်ချက်နှင့် ဒီကရီအရ ဦးထွန်းဝင်းမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၈/၂၀၁၂အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်စန်းစန်းမော် [၁၂/ကမရ(နိုင်)၀၃၀၄၂၆]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**














# ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေရေးအတွက် သင်ကြားပြသပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်)၌ ကျင်းပသော ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် သင်ကြားပြသပေးခဲ့သည့် ဆရာမကြီးများနှင့် ဆရာ ဆရာမများကို လေ့ကျင့်ရေးအဖွဲ့သူ၊ အဖွဲ့သားများက ပူဇော်ကန်တော့ပွဲကျင်းပသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ကော်မတီဝင်များ၊ ထပ်ဆင့်အကယ်ဒမီဒါရိုက်တာ စင်ရော်မောင်မောင်၊ ဆရာမကြီးများ၊ ဗဟိုနည်းပြ၊ ဆင့်ပွားနည်းပြ၊ အုပ်ချုပ်သူ ဆရာ ဆရာမများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အခြေခံပညာနှင့် တက္ကသိုလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၏ ဖျော်ဖြေရေးအစီအစဉ်များအတွက် နေ့မနား၊ ညမအားလေ့ကျင့်ခဲ့ကြသဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဂုဏ်သတင်းကို ကမ္ဘာသို့ ပြသနိုင်ခဲ့သောကြောင့် များစွာကျေးဇူးတင်မိပါကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များအတွက် သင်ကြားပြသပေးခဲ့သော မိမိတို့၏ ဆရာမကြီးများနှင့် ဆရာ ဆရာမများကို (၃၈)ဖြာမင်္ဂလာတရားတော်နှင့်အညီ ယခုကဲ့သို့ ပူဇော်ကန်တော့ကြသည်ကို များစွာပင် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လေ့ကျင့်ရေးအဖွဲ့သူ အဖွဲ့သားများက ကန်တော့ချိုးဖြင့် ညီညာဖြိုဖြိုလက်အုပ်ချီမိုး ပူဇော်ကန်တော့ကြသည်။ အဆိုပါအခမ်းအနားတွင် ဖျော်ဖြေရေးအဖွဲ့သူ အဖွဲ့သားများက ၎င်းတို့အတွက်ရရှိသော မုန့်ဖိုးငွေကျပ် ၂၂၂၆၅၀၀၀ ကို ပူဇော်ကန်တော့ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရုတ်နိုင်ငံ မန်စီမြို့ စက်မှုဇုန် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့ စက်မှုဇုန်ရှိ Ho Good ကော်ဖီမှုန့်စက်ရုံ၌ ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၉ ရက်တွင် မူဆယ်မြို့ရှိ မူဆည်-နမ့်ခမ်း နယ်စပ်ကုန်သည်များအသင်းရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ရွှေပြည်သာကွက်သစ်ရှိ ရွှေချမ်းသာကုန်ရုံ၌ ကုန်ပစ္စည်းများသိုလှောင်ထားရှိမှု၊ ကုန်ပစ္စည်းသယ်ယူမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒီဇင်ဘာ ၁၀ ရက်တွင် လားရှိုးမြို့ Asia World Tool Gate ခေးနင်းကျေးရွာအနီးရှိ Mobile Team အဖွဲ့များ၏ ကုန်ပစ္စည်းစစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော် ဇမ္ဗူသီရိဟိုတယ်တွင် ကျင်းပသည့် ရိုးရာစစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်းက ထိုင်းနိုင်ငံသား Pairoj Suwan အား နောက်ဆုံးအချီတွင် သရေကစားပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိသည်။ ထိုင်းနိုင်ငံသား Pairoj Suwan က ဒုတိယဆုနှင့် ကျေနပ်ခဲ့ရသည်။ တတိယဆုကို အင်ဒိုနီးရှားနိုင်ငံမှ Mohamad Ervan က ရရှိခဲ့သည်။ (ဓာတ်ပုံ-ဇော်မင်းသူ)

## အောင်လံလွှင့်ကာ ရွှေမြန်မာ

* နှစ်လေးဆယ်ကျော် တစ်ခါနော်
ရှင်ပျော်ဆင်နွှဲ ဆီးဂိမ်းပွဲ
ရဲရင့်ကြည်ဖြူ အိမ်ရှင်မူ
ယူတယ်လေ့ ယူတယ်လေး။

* လူထုအများ စိတ်ဝင်စား
အားပေးကြသံ ဘဝင်ညံ
အောင်လံလွှင့်ကာ ရွှေမြန်မာ
သာတယ်လေ့ သာတယ်လေး။

* အိမ်ရှင်မြန်မာ ပီသစွာ
ရိုးရာမပျက် ကြိုဆိုလျက်
ထက်မြက်အစွမ်း တို့အောင်ပန်း
လန်းတယ်လေ့ လန်းတယ်လေး။

* အမျိုးသားရေး စိတ်ကတွေး
အလေးထားကာ တို့မြန်မာ
ကမ္ဘာသိအောင် ကြိုးစားဆောင်
အောင်တယ်လေ့ အောင်တယ်လေး။

ညွှန့်ဝင်း(နတ်တလင်း)

## အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**
**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ**
**တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကယားပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ကသာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** လွိုင်လင်မြို့တွင် သုည ဒသမ ၀၄ လက်မဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ASIA KING 09-43114301, 01-387477
TOUR GALAXY TRAVEL & TOUR CO., LTD.

www.irrawaddy.org
www.burma.irrawaddy.org
နှစ် ၂၀ ကျော် လွတ်လပ်သောသတင်းစာနယ်ဇင်းအတွေ့အကြုံများဖြင့်
The Irrawaddy
မြန်မာပြည်မှာ စဖြန့်ပြီ
၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ကြာသပတေးနေ့တိုင်း အပတ်စဉ်ထုတ်ဂျာနယ်ကို မြန်မာဘာသာဖြင့် ဖြန့်ချိတော့မည်။
လစဉ်ထုတ်မဂ္ဂဇင်းကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသည်။ Dateline ဆွေးနွေးပွဲကိုလည်း DVB တီဗီတွင် အပတ်စဉ်ထုတ်လွှင့်နေသည်။

# စွမ်းရည်ပြည့်ဝနှလုံးလှသည့် မသန်စွမ်းသူများ၏

## (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို အားပေးကြိုဆိုကြပါစို့

**စေတနာကြည်**



မသန်စွမ်းသူ (Person With Disability-PWD) ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း (သို့မဟုတ်) ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရကာ အဆိုပါ ချို့ယွင်းမှုအားနည်းချက်များကြောင့် အခြားသူများနည်းတူ လူ့အသိုက်အဝန်းတွင် အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးမျိုးသော အဟန့်အတားများကို ရင်ဆိုင်ခံစားနေကြသူများဖြစ်သည်ဟု မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(United Nation Convention on the Rights of Persons with Disabilities -UNCRPD) တွင် ဖွင့်ဆိုထားသည်။

ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ရသည့်အတွက် ထိခိုက်ရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေကြသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် သေဆုံးသူတစ်ဦးရှိတိုင်း ငါးဦးခန့်ထိခိုက်ဒဏ်ရာရရှိနေကြသည်။ ထို့ကြောင့်ပင် ယနေ့ကမ္ဘာပေါ်၌ မသန်စွမ်းဖြစ်မှုနှုန်းမှာ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု WHO ၏ စာရင်းများအရသိရှိရသည်။ ဤသို့ သန်းပေါင်း ၁၀၀၀ ကျော်ခန့် ပမာဏရှိလာသော မသန်စွမ်းသူအရေးအတွက်သည် အထူးဂရုပြုရမည့် ပမာဏတစ်ခုဖြစ်လာသည့်အလျောက် မသန်စွမ်းသူများအရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးကို ပိုမိုအလေးထားရန် လိုအပ်လာပါသည်။

မသန်စွမ်းသူများသည်လည်း ကိုယ် (Body)၊ စိတ်(Mind)၊ အားမာန် (Spirit) သုံးပါးလုံးရှိသည့် လူသားတစ်ဦးပင်ဖြစ်ပေရာ မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ်ခွန်အားမြင့်မားစေရန် ဝါသနာပါရာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်စေသည့်အပြင် မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ပါ မြင့်မားလာစေမည့် အားသန်ရာ အားကစားနည်းများ လုပ်ဆောင်ရန် အားပေးမြှင့်တင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၀၈-၂၀၀၉ ခုနှစ်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သော မသန်စွမ်းမှုလေးမျိုး အခြေခံစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သော ၁ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြောင်း တွေ့ရှိရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်လှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေးကို ရှေးရှုသည့်အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်။ မသန်စွမ်းအားကစားသမားများ အားကစားလေ့ကျင့်ရန် ရည်ရွယ်၍ မသန်စွမ်းအားကစားစင်တာကိုလည်း တည်ဆောက်ပံ့ပိုးပေးကာ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် ထူးချွန်ထက်မြက်သော မသန်စွမ်းအားကစားသမားများကို ဒေသအဆင့်မှသည် ကမ္ဘာ့အဆင့်သို့ တက်လှမ်းယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားသမားများသည် ပြည်ပပွဲစဉ်များတွင်လည်း ဆုတံဆိပ်များရယူကာ နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများအနေဖြင့် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော် The Far East & South Pacific Games for The Disabled (FESPIC)တွင် ၁၉၇၅ ခုနှစ်၊ ပထမအကြိမ် ကျင်းပစဉ်ကတည်းက နှစ်စဉ်မပျက်မကွက် ပွဲစဉ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော Special Olympic for world Summer Games တွင် မြန်မာနိုင်ငံမှ မသန်စွမ်းကလေး ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည်။ အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်းတိုးတက်စေရေး၊ ဒေသတွင်းမှ ချစ်ကြည်ရင်းနှီးမှု တိုးတက်မြင့်တင်စေရေးတို့ကိုရည်ရွယ်ပြီး အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (ASEAN Para Sports Federation-APSF) မှ ကျင်းပသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ (၂၅) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများကိုလည်း ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုသို့ မသန်စွမ်းအားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် တက်တက်ကြွကြွယှဉ်ပြိုင်မှု၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၏ ကြိုးပမ်းမှုများကြောင့် လာမည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ကျင်းပရန် အခွင့်အလမ်းရရှိခဲ့ပါသည်။ "ချစ်ကြည်ရင်းနှီးမှု၊ တန်းတူညီမျှမှုနှင့် စုစည်းညီညွတ်မှု" စသည့် ရည်ရွယ်ချက်များဖြင့် အရှေ့တောင်အာရှနိုင်ငံများမှ မသန်စွမ်းအားကစားသမားများ စုစုပေါင်း ၁၄၀၀ ကျော် လာရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံနိုင်ငံသူနိုင်ငံသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် မသန်စွမ်းအားကစားသမားများ၏ လူသားတစ်ယောက်ဟူသည့် လူ့အခွင့်အရေးတန်းတူရရှိမှုကို ပြသမည့်ပွဲကြီးလည်း ဖြစ်သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံကြီးတွင် ကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ဘောလုံးတစ်ဖက် ငါးယောက်၊ ဘောလုံးတစ်ဖက် ခုနစ်ယောက်၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက် ဘော်လီဘော၊ ဘီးတပ် ဘတ်စကက်ဘော ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှလည်း ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ ဘော်လီဘော စသည့် အားကစားနည်း ခုနစ်မျိုးတွင် အုပ်ချုပ်သူနည်းပြများ အပါအဝင် မသန်စွမ်းအားကစားသမားပေါင်း ၂၇၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အနုပညာဘက်တွင်ပါရမီရှိသည့် မသန်စွမ်းသူများ၏ မသန်စွမ်းတီးဝိုင်း၊ မျက်မမြင် မြန်မာ့ဆိုင်းဝိုင်းများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ အားကစားမလုပ်နိုင်သည့် မြန်မာနိုင်ငံအရပ်ရပ်မှ မသန်စွမ်းသူ ၈၀ ပါ အဖွဲ့ ၁၂ ဖွဲ့ စုစုပေါင်း ၉၆၀ ကလည်း အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြမည်ဖြစ်သည်။

ယနေ့ခေတ်တွင် မသန်စွမ်းသူများအရေးသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အထူးအာရုံစိုက်အလေးထားလာသည့် အရေးကိစ္စတစ်ရပ်ဖြစ်လာသည်။ ယခင်အချိန်အခါက မသန်စွမ်းသူများအပေါ် ထားရှိခဲ့သည့် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများစသည့် မသင့်လျော်သော ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ရှားပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား လေးပါးကို လက်ကိုင်ထားကြသူ မြန်မာလူမျိုးများဖြစ်ကြသည့်အလျောက် မိမိတို့ လူ့အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်း အသိုင်းအဝိုင်းတစ်ခုဖြစ်သည့် မသန်စွမ်းသူများနှင့်ပတ်သက်သည့်အရေးကိစ္စကို မိမိတို့ တစ်ဦးချင်းစီနှင့်သက်ဆိုင်သည့်ကိစ္စရပ်၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သောကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သာမန်လူများထက် အဆပေါင်းများစွာ ကြိုးစားကာမသန်စွမ်းအားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့ကြသည့်၊ နိုင်ငံ့ဂုဏ်ကို ဆောင်ရန်ကြိုးစားနေကြသည့် မသန်စွမ်းအားကစားသမားများ၏ ကြိုးစားမှုများကို အသိအမှတ်ပြုလေးစားကာ ဂရုပြုအားပေးကြရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအသီးသီးမှ ၎င်းတို့နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရန် လာရောက်ကြမည့် မသန်စွမ်းအားကစားသမားများကိုလည်း ကိုယ်ချင်းစာနာသောစိတ်ဖြင့် ဖေးမပြီး တတ်နိုင်သည့်ဘက်မှ အင်တိုက်အားတိုက် အားပေးကူညီရန်နှင့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်အားပေးကြည့်ရှုခြင်းဖြင့် မသန်စွမ်းသူများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အဆင့်မြင့်ခေတ်မီမီးပွိုင့် စမ်းသပ်တပ်ဆင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု သက်သာစေရန်အတွက် ဂျပန်နည်းပညာဖြင့် ပြုလုပ်ထားသော အဆင့်မြင့်ခေတ်မီမီးပွိုင့်ကို စမ်းသပ်တပ်ဆင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးပွိုင့်ကို ရန်ကုန်မြို့ရှိ ယာဉ်ကြောပိတ်ဆို့မှုအဖြစ်များသော နေရာများတွင် တစ်ခုဖြစ်သည့် မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံတွင် ဒီဇင်ဘာ ၇ ရက်က စတင်တပ်ဆင်အသုံးပြုလျက်ရှိရာ ယင်းမီးပွိုင့်တွင် တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက "ကားအနည်းအများကို ဒီမီးပွိုင့်မှာ တပ်ဆင်ထားတဲ့ ကင်မရာက ကြည့်ပြီး အချက်ပြအလုပ်လုပ်ပေးတဲ့ ဆော့ဖ်ဝဲစနစ် ထည့်သွင်းအသုံးပြုထားတဲ့အတွက် ပြည်လမ်းဘက် ယာဉ်ကြောမှာ သိသိသာသာယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားတယ်။ အရင်က ကွေ့ကြောကိုဦးစားပေးစနစ်နဲ့လွှတ်တာ အခုကတော့ အတည့်ယာဉ်ကြောတွေကို ဦးစားပေးစနစ်နဲ့ လွှတ်တော့ ပိုပြီးအဆင်ပြေတယ်။ အရင်က ယာဉ်ကြောတစ်ဖက်စီတိုင်းမှာရှိတဲ့ မီးပွိုင့်အချက်ပြတိုင်တွေမှာ မီးလုံးတွေကို တစ်ဖက်တည်းသာရှိခဲ့ပေမယ့် အခုစနစ်မှာ ရှေ့၊ နောက် နှစ်ဖက်လုံးမှာ အချက်ပြမီးလုံးတွေ တပ်ဆင်ထားတဲ့အတွက် ယာဉ်မောင်းသူတွေအနေနဲ့ မီးပွိုင့်အချက်ပြစနစ်ကို အဝေးကပင် သိသာထင်ရှားစွာ မြင်နိုင်တဲ့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေ သိသိသာသာလျော့နည်းလာတယ်"ဟု သူ၏အတွေ့အကြုံကိုပြောပြသည်။



အဆိုပါ မီးပွိုင့်စနစ်အား ဂျပန်နိုင်ငံ JICA မှ ကူညီပံ့ပိုးပေးထားခြင်းဖြစ်ပြီး ယခုမီးပွိုင့်စနစ်အား တစ်လကြာ စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်၍ အောင်မြင်ပါက ရန်ကုန်မြို့ရှိ အခြားယာဉ်ကြောပိတ်ဆို့မှုများသည့် နေရာများ၌လည်း ဆက်လက်တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ-သီဟဇော်၊**
**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**

# မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း ကြော်ငြာများကပ်လျှင် အရေးယူမည်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့တွင် စည်ပင်သာယာနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်များ လိုက်လံချိတ်ဆွဲကပ်နေခြင်းကို အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ အရေးယူဆောင်ရွက်ရခြင်းမှာ မန္တလေးမြို့တော်၏ ဂုဏ်ကျက်သရေမကျဆင်းစေရေး၊ အများပြည်သူများ အမြင်တင့်တယ်စေရေးနှင့် မန္တလေးမြို့လာ နိုင်ငံခြားခရီးသွားဧည့်သည်များ မိမိတို့နိုင်ငံကို အထင်မသေးစေရေးတို့ကိုရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ မန္တလေးမြို့တော်တွင် ခွင့်ပြုချက်မရှိဘဲ ကြော်ငြာများနှင့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသော လုပ်ငန်းများကို စာရင်းကောက်၍ဖြုတ်သိမ်းရန် ဆက်သွယ်သတိပေးထားပြီး ဆက်လက်မဖြုတ်သိမ်းဘဲထားလျှင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းမကြီးများ၊ ဓာတ်တိုင်များ၊ သစ်ပင်ကြီးများနှင့်အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် ခွင့်ပြုချက်မရှိဘဲ ကြော်ငြာ၊ ဆိုင်းဘုတ်များ ချိတ်ဆွဲကပ်ခြင်းကို မပြုလုပ်စေဘဲ ကြော်ငြာရှင်များအတွက် စနစ်တကျ နေရာတစ်ခုသတ်မှတ်ကာ အခွန်နှုန်းဖြင့် တရားဝင်ခွင့်ပြုချက်ရယူပြီး မိမိတို့ကုမ္ပဏီ၏ အမှတ်တံဆိပ်ကြော်ငြာများကို လွတ်လပ်စွာကပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သီဟကိုကို-မန္တလေး)**

ချိန်ခါမရွေးသတိပေး
မီးဘေးကင်းဝေးမှာ

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စက်ဘီးပြိုင်ပွဲ ဖွင့်လှစ်ပေး ငလိုက်ဆည်၌ ရွှေတံဆိပ်ဆုရ လှေလှော်အားကစားသမားများ ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ငွေဆောင်ရှိ အားကစားဇုန်အလိုက် သတ်မှတ်အားကစားကွင်း/ရုံ အသီးသီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၈ နာရီက နေပြည်တော် Mount Pleasant စက်ဘီးကွင်း၌ ပြုလုပ်သော စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်း ဝင်ရောက်နေရာယူပြီးနောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဦးနှင့် အာဆီယံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Datuk Haji Abu Samah Wahab တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အမျိုးသား၊အမျိုးသမီး စက်ဘီးအားကစားပြိုင်ပွဲတွင် မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောလက်စ်တေ၊ ဗီယက်နမ်နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ Cross Country၊ Down Hill၊ BMX နှင့် တာဝေးစက်ဘီးပြိုင်ပွဲ လေးမျိုးထည့်သွင်း၍ ဒီဇင်ဘာ ၁၉ ရက်ထိ Mount Pleasant စက်ဘီးပြိုင်ပွဲကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ဆည်၌ ကျင်းပလျက်ရှိသည့် အမျိုးသမီးကယက် တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားကနူးတစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားကယက်တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသမီးကယက် နှစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားကနူး နှစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသမီးယကက်လေးယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများအား ကြည့်ရှုအားပေးကာ ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသမီးကယက် လေးယောက်လှော်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံအသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရ ဗီယက်နမ်အသင်းတို့အား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ကရင်ပြည်နယ်ဝန်ကြီး ဦးစောဆာလောလတို့က ဆုများချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပလျက်ရှိသည့် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)၌ ကျင်းပလျက်ရှိသည့် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲ၊ ဇမ္ဗူသီရိ ဟိုတယ်၌ ကျင်းပလျက်ရှိသည့် စစ်တုရင်ပြိုင်ပွဲများအား တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမျိုးသား မြန်မာနှင့်စင်ကာပူ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။(သတင်းစဉ်)

# နပန်းအားကစားပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ မြန်မာ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့်သာ ကျေနပ်ခဲ့ရ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နပန်းအားကစားပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

တတိယနေ့ ပွဲစဉ်(၃၉)ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် စင်ကာပူတို့မှ နပန်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ Men's Free Style (၆၀)ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ အင်ဒိုနီးရှားက ငွေ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့က ပူးတွဲကြေးရရှိကြသည်။

Men's Free Style (၅၅)ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ အင်ဒိုနီးရှားက ငွေ၊ မြန်မာမှ အောင်အောင်နှင့် ဖိလစ်ပိုင်မှ အားကစားသမားတို့က ပူးတွဲကြေး ရရှိကြသည်။

Men's Free Style (၁၂၀)ကီလိုတန်းတွင် ကမ္ဘောဒီးယားက ရွှေ၊ မြန်မာနိုင်ငံမှ ဖြိုးဇော်ခိုင်က ငွေ၊ လာအိုက ကြေး၊ Women's Free Style (၅၁) ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ အင်ဒိုနီးရှားက ငွေ၊ ကမ္ဘောဒီးယားက ကြေး၊ Men's Free Style (၆၆)ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ အင်ဒိုနီးရှားက ငွေ၊ ဖိလစ်ပိုင်က ကြေးဆုတံဆိပ်များရရှိကြရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

နပန်းအားကစား တတိယနေ့ ပွဲစဉ်များတွင် မြန်မာနိုင်ငံမှ နပန်းအားကစားသမားများ ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(သတင်းစဉ်)**



# ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းရှိ INDOOR STADIUM-C ၌ ကျင်းပသည်။

အဆိုပါပွဲစဉ်များသို့ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ စင်ကာပူ၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို ၂၄-၂၂၊ ၁၁-၇ မှတ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ၂၁-၆၊ ၂၁-၈ မှတ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ၂၁-၁၀-၊ ၂၁-၁၅ မှတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက မြန်မာအသင်းကို ၂၁-၉၊ ၂၁-၁၃ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၂၁-၁၀၊ ၂၁-၁၀မှတ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ၂၁-၁၆၊ ၂၁-၁၅ မှတ်ဖြင့် လည်းကောင်း၊ ဗီယက်နမ်အသင်းက စင်ကာပူအသင်းကို ၂၁-၁၉၊ ၁၈-၂၁၊ ၂၁-၁၇ မှတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ၂၁-၁၁၊ ၂၁-၁၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဆက်လက်၍ အမျိုးသားနှစ်ယောက်တွဲပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို Work Over ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို ၂၂-၁၀၊ ၁၉-၂၁၊ ၂၁-၁၂ မှတ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို ၂၁-၄၊ ၂၁-၆ မှတ်ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက ထိုင်းအသင်းကို ၂၃-၂၁၊ ၁၄-၂၁၊ ၂၁-၁၆ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ၂၁-၁၅၊ ၂၁-၁၁ မှတ်ဖြင့် လည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကို ၂၁-၁၀၊ ၂၀-၂၂၊ ၂၁-၁၄ မှတ်ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက မြန်မာအသင်းကို ၂၁-၈၊ ၂၁-၈ မှတ်ဖြင့် လည်းကောင်း၊ စင်ကာပူအသင်းက အင်ဒိုနီးရှားအသင်းကို ၂၁-၁၆၊ ၂၀-၂၂၊ ၂၆-၂၄ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ထို့နောက် အမျိုးသား/အမျိုးသမီး စုံတွဲပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ၁၇-၂၁၊ ၂၁-၁၀၊ ၂၁-၁၁ ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ၂၁-၁၄၊ ၂၁-၄ မှတ်ဖြင့် လည်းကောင်း၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို ၂၁-၁၄၊ ၂၁-၁၆ မှတ်ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ၁၉-၂၁၊ ၂၄-၂၂၊ ၂၁-၁၇ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေလောင်း-မရမ်းချောင်း လမ်းပိုင်း ကျောက်ခင်းပြီးစီး

**ဝါးခယ်မ ဒီဇင်ဘာ ၁၂**

မြောင်းမြခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ရွှေလောင်း-မရမ်းချောင်း ၈ မိုင် ၅ ဖာလုံ ဝါးခယ်မမြို့နယ် လမ်းပိုင်း ကျောက်ခင်းပြီးစီးမှုများကို စစ်ဆေးကြည့်ရှုကြသည်။

မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး လက်ထောက်အင်ဂျင်နီယာနှင့် မြို့နယ်အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြတို့က လမ်းပိုင်းအလိုက် ကျောက်ခင်းနေမှု၊ လမ်းပြီးစီးမှု၊ လမ်းအရည်အသွေးစံချိန်စံညွှန်းမီရေးတို့ကို အသေးစိတ်လိုက်လံ ရှင်းလင်းပြသကြသည်။

ဝါးခယ်မ-ရွှေလောင်း လမ်းပိုင်း ကျောက်ခင်းပြီးစီးပါက ကတ္တရာကို အမြန်ဆုံးခင်းပေးသွားမည်ဖြစ်သည်။ ကတ္တရာလမ်းပြီးစီးပါက ခရီးလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့သွားပြီး ရန်ကုန်-ဝါးခယ်မ ခရီးစဉ်ကို ယခင်ကဲ့သို့ အချိန်မကြာတော့ဘဲ အချိန်တိုအတွင်း ခရီးသွားလာမှု လွယ်ကူမြန်ဆန်သွားမည်ဟု သိရသည်။ **(၁၈၂)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၃-၁၂-၂၀၁၃(သောကြာနေ့)**

၅း၄၀ “ဘယ်မှာလဲငါ”တရားတော် (အဂ်ပူဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ)
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၅၀)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ)
၅း၀၀ **Minute to Win It**
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း- ၃၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ပန်းနုသွေး” (အပိုင်း- ၂၄)
၉း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲသွားသောနှလုံးသား” (အပိုင်း- ၂၂)
၉း၅၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ပင်လယ်ပျော်ချစ်သူလေး” (အပိုင်း- ၂၇)
၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်



# အသက်ရှည်ဆေးသောက်သုံးလိုက်ရ

**သောကြာမောင်ကလေး**

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ကြီးမှူးကျင်းပသော စာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ စာရေးသူ ကန်တော့ခံရောက်ရှိခဲ့သည်။ မိမိရောက်ရှိပြီးနောက်မှ တက်ရောက်လာကြသော သက်ကြီးစာပေပညာရှင်များမှာ တချို့က ကျန်းကျန်းမာမာနှင့် ဝင်ရောက်လာသော်လည်း တချို့မှာ တုန်ယင်ချည့်နဲ့စွာဖြင့် ကြိုဆိုသူအမျိုးသမီးငယ်များ၊ ကြက်ခြေနီသမီးပျိုများက ကူညီတွဲကာ ထိုင်ခုံအရောက် လိုက်ပါပို့ဆောင်ပေးရ၏။ ထို့ပြင် မိမိအတွက် ရရှိမည့်လက်ဆွဲအိတ်နှင့် စာအုပ်၊ ဆေးဝါးစသည်များထည့်ထားသော အိတ်ကိုပါပြသပြီး အပ်နှင်းနေ၏။ ဤသို့သော မြင်ကွင်းကို စာရေးသူကြည့်ရှုနေခိုက် "ဆရာကြီးရှင့် ကျွန်မက MRTV-4 ကပါ" ဟု မိမိကိုယ်မိမိ မိတ်ဆက်ပြီး "သက်ကြီးစာပေပညာရှင်အနေနဲ့ ဒီနေ့လူငယ်တွေကို ဩဝါဒစကားပြောပေးပါရှင့်" "အေးအေးပြောမယ်" ဟု စကားခံပြီးစဉ်းစားနေမိ၏။ တခ်ဏုပ္ပတ္တိဉာဏ် အဖိုးတန်ပုံကို သတိရနေ၏။ မေးမြန်းသည့် သမီးငယ်ကလည်း အသံဖမ်းစက်ကို စာရေးသူ၏ပါးစပ်အနီးသို့ အဆင်သင့်ပြင်ပြီးပြောမည့်စကားကို စောင့်စားနေ၏။

"အေး သမီး ပြောသလို လူငယ်တွေအတွက် ပြောချင်တာက -

၁။ ကျန်းမာတုန်း ဆေးစားပါ။

၂။ ရှိတုန်း ချွေတာပါ။

၃။ အားတုန်းစာဖတ်ပါ။

အဲဒီစကားသုံးခွန်းကိုပဲ ပြောချင်ပါတယ်" ဟု အဆုံးသတ်လိုက်၏။ ထို့နောက် သမီးငယ်တစ်ဦး ရောက်လာကာ "ဆရာကြီးရှင့် သမီးက Sky net ကပါ။ ဆရာကြီးကို နည်းနည်းမေးပါရစေရှင့်"

"ဩော်-- မေးပါ။ သိသလောက်၊ မှတ်မိသမျှတော့ ပြောပါမယ်" မြို့တော်ခန်းမကြီးအတွင်းမှာလည်း ကန်တော့ခံမည့် အသက် (၈၀) ကျော်သက်ကြီးစာပေပညာရှင်များနှင့် ဆရာကြီးများအား ကန်တော့ကြမည့် မြို့နယ်အသီးသီးမှ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ စာပေမြတ်နိုးသူများတွေ့တုန်းဆုံခိုက်နှုတ်ဆက်စကားပြောကြားလိုက်သည့် အသံများမှာလည်း သောသောညံနေ၏။

"ဆရာကြီးရှင့် ယနေ့ပွဲကြီးကျင်းပနေတဲ့အပေါ် ဆရာကြီးအမြင်ကို သိပါရစေ"

"အင်မတန်ကောင်းတာပေါ့သမီးရယ်။ ဘဘတို့အနေနဲ့ဝမ်းသာတယ်။ စိတ်ထဲမှာလည်း ကြည်နူးနေတယ်။ ပီတိကိုခံစားရတယ်ဆိုတာ ဒါမျိုးပဲပေါ့။ ဘဘတို့အနေနဲ့ အိမ်မှာဆိုရင် သားတွေ၊ သမီးတွေ၊မြေးတွေက သိပ်ပြီး နေရာမပေးချင်ကြတော့ဘူး။ အဘိုးအေးအေးနေပါ။ ဟိုဟာသိချင်၊ ဒီဟာသိချင်နဲ့ မမေးပါနဲ့။ အဘိုးဘာသာပုတီးစိပ်၊ တရားမှတ်နေပါလို့ စေတနာနဲ့ ပြောပေမယ့် --ဩော်-- ကြောင်အိုတော့ ကြွက်မလေးဆိုတာ ဒါမျိုးပါလားလို့ ခံစားနေမိတယ်။ ဒီရောက်တော့ မြို့တော်ခန်းမကြီးအတွင်းဝင်လိုက်တာနဲ့ လေးလေးစားစားကြိုဆိုတော့ စိတ်ထဲမှာပျော်ရွှင်သွားတယ်။ ပြီးတော့ နေရာထိုင်ခင်း ခံ့ခံ့ညားညားပေးတယ်။ ပြန်ကြားရေးဝန်ကြီးနဲ့တကွ စာရေးဆရာအသင်းကြီးရဲ့ ဥက္ကဋ္ဌနဲ့အမှုဆောင်လူကြီးတွေ၊ တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေ၊ ဂုဏ်သရေရှိလူကြီးတွေက လေးလေးစားစား ဂါရဝပြုတော့ ဘဘရင်ထဲမှာ အသက်ရှည်ဆေးတိုက်ကျွေးတယ်။ အသက်ရှည်ဆေးသောက်သုံးရတယ်လို့ ပြောကြားလိုက်တယ်။ ထိုစဉ် အခမ်းအနားကျင်းပချိန်ရောက်ပြီဖြစ်၍ အခမ်းအနားမှူးက အစီအစဉ်များကို ကြေညာလိုက်ရာ အသံများ ငြိမ်သက်တိတ်ဆိတ်သွားလေ၏။

အခမ်းအနားမှူးက အစီအစဉ်များကိုကြေညာပြီး တစ်ခုပြီးတစ်ခု ဆက်လက်ကျင်းပပြီးနောက် ဆရာကြီး ဦးသန်းဦး(ပြည်စိုးမင်း) က ကျေးဇူးတင်စကားပြောကြားကာ မန်လည်ဆရာတော်ကြီး၏ နဝရတ်ကိုးသွယ်စကားပြောကြားပြီး အခမ်းအနားပြီးဆုံးလေ၏။

ထို့နောက် အချင်းချင်းစကားပြောကြ၊ အမှတ်တရဓာတ်ပုံရိုက်ကြသဖြင့် အသံများ စီစီညံနေ၏။ စာရေးသူသည် နေရာမှထကာ ကြက်ခြေနီသမီးငယ်၏ အကူအညီဖြင့် ဓာတ်လှေကားမှဆင်းကာ အောက်ထပ်သို့ရောက်ပြီး အိမ်ပြန်ရန် ကားစောင့်နေစဉ် လူငယ်တစ်ဦးက "ကြေးမုံသတင်းစာတိုက်ကပါ" ဟု မိတ်ဆက်လျက် မေးခွင့်တောင်းပြီးမေး၏။

"ဆရာကြီးခင်ဗျာ ခုခေတ်လူငယ်တွေ ရသစာပေအဖတ်နည်းနေပါတယ်။ ရသစာပေဖတ်ခြင်း၊ မဖတ်ခြင်းအကျိုးအပြစ်ကို ဆရာကြီးအမြင်ကို သိပါရစေ" ဟု လေးလေးစားစားဖြင့်မေး၏။

"ရသစာပေမဖတ်တော့ ယဉ်ကျေးမှုအားနည်းပြီး အတွေးအခေါ် အကြောင်းအရာ အကောင်းအဆိုး ဝေဖန်မှုအားနည်းတတ်တယ်။ ရသစာပေဖတ်တော့ ယဉ်ကျေးသိမ်မွေ့ပြီး အကြောင်းအကျိုးကို ဆင်ခြင်ဉာဏ်ရှိနိုင်တယ်လို့ ယူဆပါတယ်"ဟု ဖြေလိုက်၏။

ထို့နောက် တစ်ဦးကမေးပြန်၏။ "ဆရာကြီး အခုလိုကန်တော့ခံရတဲ့ အရွယ်ရောက်အောင် အသက်ရှည်ပြီး နေထိုင်လာခဲ့ပုံကို သိပါရစေခင်ဗျာ"

"အေး မောင်ရင့်အမေးကို အဘပြောချင်တာကတော့ ရှေးအတိတ်ကံနဲ့လည်း မကင်းဘူး၊ ပြီးတော့ စိတ်ချမ်းသာအောင်နေတတ်ဖို့နဲ့ ကိုယ်ကျန်းမာအောင်နေတတ်ဖို့လည်း လိုပါတယ်"

"ဟုတ်ကဲ့ ဆရာကြီးပြောတဲ့စိတ်ချမ်းသာအောင်နေထိုင်နည်းကို သိပါရစေ"

"စိတ်ချမ်းသာဖို့အတွက် (၁)ရုံးတို့၊ ရဲဌာနတို့နဲ့ ကင်းအောင်နေရမယ်။ (၂) ဆေးရုံဆေးခန်းမရောက်အောင် နေတတ်ရမယ်။ (၃) ကြွေးမြီမတင်အောင် နေထိုင်တတ်ရမယ်။ ဒါဆိုရင် စိတ်ချမ်းသာပါပြီ"

"ကိုယ်ကျန်းမာအောင် နေထိုင်နည်းကိုလည်း ပြောပြပါဦးခင်ဗျာ"

"ကိုယ်ကျန်းမာဖို့အတွက် (၁) ခေါင်းကို အေးအေးထား၊ (၂) အစာကို ဆာမှစား၊ (၃) ခြေထောက်ကိုနွေးနွေးထား ဒါဆိုရင် စိတ်ချမ်းသာကိုယ်ကျန်းမာဖြစ်နိုင်ပါတယ်"ဟု ပြောနေစဉ် စာရေးသူအား မြို့တော်ခန်းမသို့ အပို့/အကြို ကူညီဆောင်ရွက်ပေးသော ဦးမောင်မောင်လှ- ဒေါ်ခင်ကြည်(ရှင်နှောင်း)တို့၏ ကားဆိုက်ရောက်လာ၏။ ထို့ကြောင့် မေးမြန်းနေသူအား "ကားရောက်နေပြီ၊ ဘဘသွားတော့မယ်"ဟု ပြောရာ မေးသူက လက်အုပ်ချီလျက် ကျေးဇူးတင်ပါကြောင်းပြောရင်း မိမိကန်တော့ခံရရှိထားသော လက်ဆွဲအိတ်ကို ကားပေါ်အရောက်တင်ပို့ပေး၏။ စာရေးသူလည်း ကားပေါ်သို့ တက်ရောက်ပြီး ပီတိဝေဖြာစိတ်ချမ်းသာစွာဖြင့် မိမိနေအိမ်သို့ ပြန်ခဲ့လေ၏။



## သီပေါသီတဂူစက္ခုဒါနဆေးရုံ မျက်စိဝေဒနာရှင်များအား ကုသပေး

**သီပေါ ဒီဇင်ဘာ ၁၂**

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်ပြုလှူဒါန်းမှုနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီး၏ ကြီးကြပ်မှုဖြင့် (၂၆)ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ သီပေါ သီတဂူစက္ခုဒါနဆေးရုံ**(အပေါ်ပုံ)**၌ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။

ထို့အပြင် ကျေးလက်ဒေသများမှ လာရောက်ကုသကြသော နွမ်းပါးချို့တဲ့သည့် ဝေဒနာရှင်များအား ဆရာတော် အရှင်ပညာသီရိက အိမ်အရောက်ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို အလှူဒါနပြုလျက်ရှိပြီး သဒ္ဓါကြည်လင်ပါရမီရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင် ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ ဖုန်း-၀၉-၅၂၇၈၁၇၃၊ ၀၉-၅၂၇၀၁၈၉ နှင့် ၀၉-၅၀၇၀၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဒေသခံလူထုကျန်းမာရေးလုပ်သား သင်တန်းဆင်း

**မိုးညှင်း ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကျန်းမာရေးဦးစီးဌာနတွင် GAVI/HSS ၏ ထောက်ပံ့မှုဖြင့် ပြုလုပ်သော ဒေသခံလူထုကျန်းမာရေး လုပ်သား သင်တန်းဆင်းပွဲအခမ်းအနားကို ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဝင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ် ဒေါက်တာဝင်းဝင်းဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက သင်တန်းသား သင်တန်းသူ ၃၀ အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ ယင်းနောက် သင်တန်းတွင် အမှတ်အများဆုံးရရှိသူ ကာဒူကျေးရွာမှ သင်တန်းသူ မဝေဇင်စိုးအား ခရိုင်ဆေးရုံအုပ်က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား မဝေဇင်စိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**










**ပျောက်ဆုံး**

ဘဒ္ဒန္တနန္ဒဝံသ [၇/ပခန(သ)၀၀၀၃၇၁]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၅၀၂၀၈၉၈၇









ပြည်တွင်းရေးရာ

## မီဒီယာပစ္စည်းများကို အလှူရှင်လှူဒါန်းလိုသော ကျေးရွာများအရောက် လှူဒါန်းလျက်ရှိ

**ရေဦး ဒီဇင်ဘာ ၁၂**

ရွှေဘိုခရိုင် ရေဦးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒီဇင်ဘာ ၇ ရက်က ကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းထားသော ငွေကျပ် ၈၇၂၀၀၀၀ တန်ဖိုးရှိ Sky Net ရုပ်သံဖမ်းစက်နှစ်စုံ၊ ကွန်ပျူတာ လက်(ပ်)တော့နှစ်လုံး၊ TV ၉၆ လုံး၊ ရေဒီယို ၃၇၁ လုံး၊ EVD ၅၅ လုံး၊ 5 Net Work တစ်စုံ၊ စာအုပ်စာစောင် ၂၅၀၀ တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများမှတစ်ဆင့် အလှူရှင်များ လှူဒါန်းလိုသော ကျေးရွာများအရောက် အမြန်ဆုံး လှူဒါန်းပေးပို့လျက်ရှိကြောင်း သိရသည်။ ဒီဇင်ဘာ ၇ ရက်က ကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲ၊ မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲများကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်၊ မီဒီယာပစ္စည်းများ လှူဒါန်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူလေးများက "ပြည်မြန်မာ" သီချင်းဖြင့်ဂုဏ်ပြုသီဆိုခဲ့ကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာပေဖတ်ရှုလေ့လာပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာရေးဆရာချစ်နိုင် (စိတ်ပညာ)က "ကလေးကမှ လူကြီးဖြစ်တာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြင်းမူမောင်နိုင်မိုးက "ဘဝထဲက ကဗျာ၊ ကဗျာထဲကဘဝ"ခေါင်းစဉ်ဖြင့် လည်းကောင်း စာပေရေးရာ အသိပညာဗဟုသုတများကို ဟောပြောခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြန်မာ့ရိုးရာ ပန်းတဉ်းအနုပညာ တစ်ခေတ်ဆန်းသစ်စေလို

"ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ပု၊ မော့၊ မှတ်လော့ ပွတ်၊ ချီ၊ ယွန်း" ဟု ငယ်စဉ်က အလွတ်တကျမှတ်သားခဲ့ကြသော ပန်းဆယ်မျိုးတွင် တစ်မျိုး အပါအဝင်ဖြစ်သော ပန်းတဉ်းခေါ် ပန်းတစ်ပွင့်သည် ငွေသတ္တုကို ရုပ်လုံးထု၍ အနုပညာပစ္စည်းများ ထုတ်လုပ်သော လက်မှုပညာရပ်တစ်မျိုးပင်ဖြစ်သည်။ ပန်းတဉ်းလက်မှုပညာကို ခေတ်အဆက်ဆက်မှသည် ယနေ့တိုင် ရိုးရာအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

ဇာတ်နိပါတ်တော် ဇာတ်တော်ကြီးဆယ်ဘွဲ့၊ မဟာဗုဒ္ဓဝင်၊ပန်းကနုတ်၊ ပန်းခြူး၊ ပန်းဆွဲ၊ ပန်းနွယ်၊ ပန်းတောင်၊ အပြောက်အမွမ်း စသော အနုပညာရပ်အမျိုးမျိုးမှသည် လူသုံးပစ္စည်းများအထိ ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် စဉ်ဆက်မပြတ် ကျယ်ပြန့်စွာ အံ့မခန်းထုဆစ်လုပ်ကိုင်ခဲ့ကြသည်။

သို့သော် ယခုအချိန်တွင် အနုပညာရှင် အရေအတွက်မှာ နည်းပါးစပြုလာပြီး နောင်မျိုးဆက်သစ်များမှာ ရှားပါးလာပြီဖြစ်သည်။ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်မှုပြုသူ ရှားပါးလာသည်။ ထို့ကြောင့် မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သော ပန်းတဉ်းလက်မှုပညာကို တိမ်ကောပပျောက်မှုမဖြစ်စေရန် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်ပါသည်။

ယနေ့ခေတ်၊ ယနေ့အချိန်တွင် ပန်းတဉ်းလက်မှုပညာကို လက်ဆင့်ကမ်းသင်ယူမည့် မျိုးဆက်သစ်လူငယ်များ ရှားပါးလာသဖြင့် မြန်မာ့အနုပညာတစ်ရပ်မှာ တိမ်ကောကွယ်ပျောက်မည့် အခြေအနေတွင်ရှိသည်။

နိုင်ငံတော်အစိုးရ တာဝန်ရှိသူများမှ အမရပူရ ဆောင်းဒါးရက်ကန်းကျောင်း၊ ပုဂံ ယွန်းပညာသင်ကျောင်းများနည်းတူ ပန်းဆယ်မျိုးတို့ကို သင်ယူလေ့လာနိုင်သော၊သင်ကြားပို့ချပေးနိုင်သော သင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ပါက မျိုးဆက်သစ်လက်မှုပညာရှင်များမှသည် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**(ရွှေလင်းပြည့်စုံ)**

## စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်

**မိတ္ထီလာ ဒီဇင်ဘာ ၁၂**

သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၈၈ သိန်းဖြင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိရာ စာသင်ကျောင်းဆောင်ကို သစ်သားများအသုံးပြုခြင်း မရှိဘဲ တိုင်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြား၊ ကျည်းပေါင်ခွေများမှ အစ သံဖရိန်များကိုသာ အသုံးပြုဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စာသင်ကျောင်းဆောင်မှာ အလျားပေ ၈၀၊ အနံ ပေ ၃၀ရှိပြီး စာသင်ခန်းလေးခန်းဖြင့် နံကပ်သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပါတယ်။ စာသင်ကျောင်းဆောင်ကို ခန့်နေလဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးပါပြီ။ စာသင်ကျောင်းမှာ ယခင်က ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ တည်ရှိပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ကျောင်းပိုင် မြေနေရာရရှိပါပြီ။ စာသင်ကျောင်းအတွက် မြေနေရာသုံးဧကနဲ့ မိဘမေတ္တာ စာသင်ကျောင်းဆောင်သစ် အလျား ပေ ၆၀၊ အနံ ပေ ၃၀ နံကပ်၊ သွပ်မိုး တစ်ထပ်နှစ်ခန်းတွဲကို အလှူရှင် သာစည်မြို့ အမှတ် (၇)ရပ်ကွက်နေ ဦးထိန်မင်း- ဒေါ်လှမြင့် မိသားစုက ဆောက်လုပ် လှူဒါန်းပေးထားပါတယ်။ ယခုပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေဖြင့် ဆောက်တဲ့ကျောင်းပါဆိုရင် စာသင်ဆောင်နှစ်ဆောင် ရှိပါတယ်။ ကျွန်တော်တို့အခြေခံပညာမူလတန်းကျောင်းမှာ ကျီတိုင်ကုန်းတောင်ရွာနဲ့ ကျီတိုင်ကုန်းမြောက်ရွာနှစ်ရွာမှ ကျောင်းသားကျောင်းသူ ၁၇၂ ဦးရှိပြီး ဆရာ ဆရာမ ရှစ်ဦးရှိပါတယ်။ နှစ်စဉ်ကျောင်းသူကျောင်းသားများ တိုးတက်လာတဲ့အတွက် နောက်ထပ် စာသင်ကျောင်းဆောင်အသစ်တစ်ခုဆောက်လုပ်ရန် ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်က လှူဒါန်းထားပါတယ်။ မကြာခင် စာသင်ကျောင်းဆောင်သစ်တစ်ခု ထပ်မံဆောက်လုပ်သွားမှာဖြစ်ပါတယ်"ဟုကျီတိုင်ကုန်းကျေးရွာမှ ဦးဇော်ဦးက ပြောကြားသည်။

**မျိုးမင်း(သာစည်)**



## ရွှေကူမြို့နယ်အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ရွှေကူ ဒီဇင်ဘာ ၁၂**

ဗန်းမော်-ရွှေကူ-မန္တလေး မဟာဗျူဟာ ကားလမ်းမတစ်လျှောက်တွင် ဒီဇင်ဘာ ၅ ရက် နံနက် ၇ နာရီခန့်က မော်တော်ယာဉ်များဖြင့် တရားမဝင်သစ်များတင်ဆောင်၍ ဖြတ်သန်းမောင်းနှင်နေကြောင်း သတင်းအရ ရွှေကူမြို့နယ် ဥဒေါင်တောင် မိုက္ကရိုဝေ့ဖ် လုံခြုံရေးတာဝန်ကျသည့် ခလရ(၅၆)မှ ဗိုလ်ကြီးအောင်စိုးထွန်း ဦးစီးအဖွဲ့၊ ရဲအုပ်ငွေဦး ဦးစီးအဖွဲ့၊ ဇင်းဘုံဘိနယ်တာဝန်ခံတောအုပ် သောင်းမင်းဦး၊ ဇင်းဘုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ရွှေတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာဗျူဟာကားလမ်းမတစ်လျှောက် လိုက်လံစစ်ဆေးရာ နံနက် ၈ နာရီခန့်တွင် ရွှေကူမြို့နယ် ဇင်းဘုံ ကျေးရွာအနီး ကားလမ်းမဘေး၌ ရပ်တန့်လျက်ရှိသော UD ကောင်တာ (ဟီးနိုးရိန်းဂျား) အမျိုးအစား ၁၀ ဘီး လိုင်စင်မဲ့(အဖြူရောင်) ယာဉ်တစ်စီးပေါ်တွင် တရားမဝင် တမလန်းသစ်ခွဲသားဆိုဒ်စုံများ တင်ဆောင်ထားကြောင်း ပိုင်ရှင်မဲ့ တွေ့ရှိရ၍ ရွှေကူမြို့ သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်လာပြီး တိုင်းထွာစစ်ဆေးခဲ့ရာ ၎င်းယာဉ်ပေါ်မှ တရားမဝင် တမလန်းခွားရွေတုံး ဆိုဒ်စုံ ၁၅၂ တုံး၊ (၆ ဒသမ ၉၉၂ တန်)၊ တမလန်းတိုင်အလုံး ၅၀၊ (၁ ဒသမ ၂၀၂ တန်)၊ စုစုပေါင်း ၈ ဒသမ ၉၄ တန်၊ ကာလတန်ဖိုး ငွေကျပ် ၂၄၅၈၂၀၀ ခန့်နှင့် UD ကောင်တာ ဟီးနိုးရိန်းဂျား ၁၀ ဘီး (အဖြူရောင်) လိုင်စင်မဲ့ ယာဉ်တစ်စီး၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၁၅၀ခန့်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် အဆိုပါ ဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့တမလန်းသစ်များနှင့် ယာဉ်အား ရွှေကူမြို့နယ် သစ်တောဦးစီးဌာနသို့ ဒီဇင်ဘာ ၅ ရက်ညနေ ၅ နာရီတွင် လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**ဒီစီအီး(မန္တလေး)**






# အကယ်ဒမီဆုဆိုတာ နတ်ကြီးတယ်

**အိုးဝေခင်မောင်ကွန့်**

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ညတွင် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပတော့မည်ဖြစ်ပေသည်။



ထူးခြားသည်မှာ ယခုနှစ်ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ရန် ၂၀၁၃ ခုနှစ်အတွင်း ရိုက်ကူးထုတ်လုပ် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး ၁၇ ကားကို မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့မှ ခါတိုင်းနှစ်များနည်းတူ ပထမဆင့်၊ ဒုတိယဆင့်နှင့် နောက်ဆုံးတတိယဆင့် အဆင့်သုံးဆင့်ခွဲကာ ကြည့်ရှုအကဲဖြတ် ရွေးချယ်ခဲ့ခြင်း မပြုကြတော့ဘဲ ပထမဆင့်နှင့် ဒုတိယဆင့် နှစ်ဆင့်တည်းဖြင့်သာ ကြည့်ရှုအကဲဖြတ်ရွေးချယ်ခဲ့ကြခြင်း ပင်ဖြစ်တော့သည်။ သို့ကလိုဖြစ်ခဲ့သဖြင့် ယခုနှစ်အတွက် ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးရွေးချယ်ရန် ထုတ်လုပ်ရုံတင်ပြသခဲ့သမျှ ရုပ်ရှင်ဇာတ်ကားကြီး ၁၇ ကားအနက် ပထမအဆင့်တွင်ပင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားကို ထူးချွန်ဆုပေးရန် အဆင့်မမီ၍ ဖြုတ်ထားခဲ့ကြရခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ယခုနှစ်အတွက် အကယ်ဒမီဆုပေးရန် အဆင့်မီသော ရုပ်ရှင်ဇာတ်ကားကြီး ခုနစ်ကားကို နောက်ဆုံးအဆင့်တွင် ဆက်လက် ရွေးချယ်ဆုပေးခဲ့ကြရခြင်းဖြစ်ပေတော့သည်။

သို့ဖြင့် ၂၀၁၂ ခုနှစ်အတွက် ဆုပေးရွေးချယ်ရန် ဇာတ်ကားကျန်ခဲ့သော ရုပ်ရှင်ဇာတ်ကားကြီး ခုနစ်ကားမှာ (၁) ဒါရိုက်တာကျော်ဇ၏ ရဲအောင်၊ ခန့်စည်သူ၊ ဟိန်းဝေယံ၊ မြတ်ကေသီ အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်နှင့် ချိုပြုံးတို့ပါဝင်သော အမုန်းမီးတောက်၊ (၂)ဒါရိုက်တာ ရွှေပြည်ကတုံး၏ ကျော်ရဲအောင်၊ မင်းရာဇာ၊ နဝရတ်၊ ဒေါ်မြင့်မြင့်ခင် တို့ပါဝင်သော အမွေခံထိုက်သူဖြစ်ပါစေ ရုပ်ရှင်ဇာတ်ကား၊ (၃) ဒါရိုက်တာ ဝိုင်း ရိုက်ကူးခဲ့သော ပြေတီဦး၊ လင်းလက်ဟိန်း၊ ဇော်ဦး၊ စိုးမြတ်သူဇာ၊ ဖွေးဖွေးတို့ပါဝင်သော လက်ပံရုပ်ရှင်ဇာတ်ကား၊ (၄) ဒါရိုက်တာ ဝေမှိုင်းညို၏ လူမင်း၊ နိုင်းနိုင်း၊ ကျော်ဟိန်း၊ ညွန့်ဝင်း၊ နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်သော မော်ကင်းဥဒါန်း ရုပ်ရှင်ဇာတ်ကား၊ (၅) ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၏ ကျော်ရဲအောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ ရဲအောင်၊ မိုးဒီ၊ ရှက်တယ်၊ ပေါ်လေး၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ သင်ဇာဝင့်ကျော်၊ မေသဥ္ဇာဦး၊ ချောရတနာတို့ပါဝင်သော "ဥ" ရုပ်ရှင်ဇာတ်ကား၊ (၆) ဒါရိုက်တာ နေပိုင်၏ ဟိန်းဝေယံ၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ နဝရတ်နှင့် ခင်မို့မို့အေးတို့ပါဝင်သော တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ ရုပ်ရှင်ဇာတ်ကားနှင့် (၇) ဒါရိုက်တာ အောင်ကိုလတ် ရိုက်ကူးသော ဖရန့်စစ်ထွန်းလွင်အောင်၊ ခင်မာဝင်း၊ နွယ်နီဝင်း၊ မူမေရီနှင့် မူနှင်းခိုင်တို့ပါဝင်သော ကယန်းအလှဇာတ်ကားတို့ပင်ဖြစ်သည်။

ယင်းကြောင့်ပင် ယခုနှစ်အတွက် အကယ်ဒမီဆုဆွတ်ခူးရရှိရန် ရင်ခုန်နေကြသူ ရုပ်ရှင်အနုပညာရှင်များ ရှိကြသလို ဝါရင့်သရုပ်ဆောင်ထပ်ဆင့် အကယ်ဒမီဆုရှင်များကမူ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ပင် ရင်မခုန်ခဲ့ကြတော့ပါပေ။ သို့ကလိုဖြစ်ခဲ့၍ အကယ်ဒမီဆုချီးမြှင့်ပွဲ နီးကပ်လာတိုင်း သုံးထပ်ဆင့် အကယ်ဒမီဆုရှင် အကယ်ဒမီ ခင်သန်းနုပြောသော စကားရပ်ကိုသာ အမှတ်တရထပ်ဆင့် တင်ပြလိုက်ရပြန်ပါသည်။ "ဒါကတော့ အကယ်ဒမီဆုဆိုတာ နတ်ကြီးတယ်ရှင့်" ဟူ၏။ ကိုယ့်လက်ဝယ်ပိုင်ပိုင်ရယူနိုင်မှသာ ခိုင်ခိုင်မြဲမြဲအကယ်ဒမီဆုထူးများကို ဆွတ်ခူးရရှိနိုင်မည်ဖြစ်သောကြောင့်ပါပေ။

မည်သို့ဖြစ်စေ ယခုနှစ်အတွက် အကယ်ဒမီဆုကို မင်းသမီးဆု ဇာတ်ပို့ဆုအတွက် နဝရတ်၊ သက်မွန်မြင့်၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ ချောရတနာတို့ကလည်း ချိန်နေကြပြီဖြစ်ပါ၏။ မင်းသားဆု ဇာတ်ပို့ဆုကိုမူ လူမင်း၊ ရဲအောင်၊ ကျော်ဟိန်း (ယခုစာရေးဆရာ ဦးပဥ္ဇင်း ကျော်ဟိန်း(ခေါ်) ဆရာတော် ဦးကိတ္တိသာရတို့က နီးစပ်နေပါပြီ)၊ ဒါရိုက်တာဆုကိုမူ ဝိုင်း၊ ကိုဇော်၊ အောင်ကိုလတ်၊ ဝေမှိုင်းညိုတို့ကလည်း ချိန်နေကြပြီး အကောင်းဆုံးတေးဂီတ၊ တည်းဖြတ်၊ ဇာတ်ညွှန်းဆုများကိုမူ အထက်ပါ ရုပ်ရှင်ဇာတ်ကား ခုနစ်ကားမှပင် ရွေးချယ်ကြစေလိုပါကြောင်း၊ တိုင်းရင်းသားဘဝ သရုပ်ဖော်ဇာတ်ကားက ခတ်ပုံနှင့် ဇာတ်ကားဆုပါ ချိန်နေပါကြောင်း ဝေဖန်တင်ပြလိုက်ရပါသည်။

ဇာတ်ညွှန်းဆုကို သီဟတင်စိုး၊ ဝေမှိုင်းညို၊ နေစိုးသော် (Hector Carosso)၊ ငြိမ်းမင်း၊ မြင့်ဦးဦးမြင့်နှင့် ရွှေပြည်ကတုံးတို့ လုကြပါလိမ့်မည်။ ခတ်ပုံဆုကို ကျောက်ဖြူက နှစ်ကား၊ အောင်မြင့်ဦး၊ (ကျော်ညွန့်၊ ဇော်မြင့်)၊ အောင်ကိုလတ်၊ ကိုကိုငွေးနှင့် ကိုတိုးတို့က တစ်ကားစီပါဝင်ကြ၍ အပြိုင်လုရပါဦးမည်။ တေးဂီတဆုအတွက် ဂီတမှူးဝင်းကိုက သုံးကား၊ ဇော်မျိုးထွဋ်၊ မင်းသူရ၊ (နေသစ်မိုးသော်တာအောင်) အောင်ဆန်းဝင်းတို့က ဆုကိုချိန်ထားကြပါသည်။

အသံဆုအတွက် တိုနီလင်း၊ အောင်ဖြိုးဝင်းနှစ်ကား၊ သိန်းအောင်၊ (ဇာနည်၊ စံလှိုင်)၊ ချစ်ဝင်းနှင့် ပေါင်ချိန် (၅)တို့က အပြိုင်ချိန်ထားကြပြီး ရုပ်ရှင်တည်းဖြတ်ဆုအတွက် ထပ်ဆင့် အကယ်ဒမီ ဇော်မင်း (ဟံသာမြေ)၊ အောင်ကိုလတ်၊ ဇင်မျိုး၊ တာတီး၊ ဝေယံလင်း၊ မာယုနှင့် အကယ်ဒမီ ဇော်မြင့်ဦးတို့က အပြိုင်လုကြမည်ဖြစ်ပါကြောင်း၊ ရင်ခုန်စွာဖြင့် စောင့်မျှော်ကြည့်ရှုကြစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြစ်ကြီးနားခရိုင်ရုံး၌ Wifi ဖြင့် အင်တာနက် အခမဲ့အသုံးပြုနိုင်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၂**

ယခင်က စာအုပ်/စာပေများတွင်သာ အသိပညာဗဟုသုတတိုးပွားနိုင်ရေးကို မှီငြမ်းရှာဖွေနိုင်ပြီး ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများမှ အသိပညာဗဟုသုတများကို ရှာဖွေလိုသူများအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင်ရုံး၌ ဒီဇင်ဘာ ၁၀ ရက်တွင် Wifi စနစ်တပ်ဆင်ပြီးဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် Wifi ဖြင့် အင်တာနက်ဖြင့် အခမဲ့အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ခင်မောင်ထွန်း)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

**ကောလင်း ဒီဇင်ဘာ ၁၂**

မော်တော်ဆိုင်ကယ်စီးနင်းသူများ ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းနှင့် အသက်မပြည့်မီ ဆိုင်ကယ်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ကောလင်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမျက်နှာစာရှိ ရွှေမင်းဝံလမ်းမကြီး၌ ပြုလုပ်ရာ စည်းကမ်းမဲ့ယာဉ်မောင်းနှင်သူ ၁၄ ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးညွန့်ဇော်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးနေဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ညွန့်တို့အဖွဲ့က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **(၂၁၄)**

## ပေါင်းတည်အရန်မီးသတ်တပ်ဖွဲ့ အား တူညီဝတ်စုံပေးအပ်

**ပေါင်းတည် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မီးသတ်စခန်း၌ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ပေးအပ်သော တူညီဝတ်စုံ ၇၉၆ စုံ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊မြို့နယ်မီးသတ်ဦးစီးမှူး၊မြို့နယ်အထောက်အကူပြုအဖွဲ့တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၀၇)**

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး

**လားရှိုး ဒီဇင်ဘာ ၁၂**

လားရှိုးမြို့ရပ်ကွက် (၉) ခမ္မာရုံ၊ ရပ်ကွက် (၁၁) အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက် (၁၂) ခမ္မာရုံ ယူနန်ခန်းမ၌ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလေးမောင်က ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ အခမ်းအနားသို့ ရပ်ကွက်အလိုက် ရပ်ကွက် (၉)မှ လူဦးရေ ၁၁၀၊ ရပ်ကွက် (၁၁) မှ လူဦးရေ ၈၀ နှင့် ရပ်ကွက် (၁၂) မှ လူဦးရေ ၁၅၀၀ စုစုပေါင်း ၁၇၀၀ခန့်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **ဇော်လွင် (လားရှိုး)**










နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
**e-Government** လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်
ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး e-Government လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ကွန်ပျူတာ Server နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဌာနအရောက် ဈေးနှုန်းဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (က) | Rack Mount Sever | - | 2 Units |
| (ခ) | Online UPS | - | 2 Units |
| (ဂ) | Network Cable (300 m) | - | 5 Units |
| (ဃ) | Switch | - | 5 Units |
| (င) | Wireless Router | - | 3 Units |
| (စ) | Website ရေးသားခြင်း | - | 1 Unit |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

ရုံးအမှတ်(၅၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၆၃၊ ၀၆၇-၄၁၀၂၆၆

# လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ရှိခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီးကို (၁၁-၁၂-၂၀၁၃)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး၊ ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင် ထောက်ပြဝေဖန်အကြံပြုသူများ အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများနှင့် ဝန်ကြီးဌာနအသီးသီးအားလည်းကောင်း လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ရှိပါသည်။

**ဥက္ကဋ္ဌ**
**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်**
**ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ရှိခြင်း

(၁၁-၁၂-၂၀၁၃)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပါသော ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ အတွင်းရေးမှူး၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် အခမ်းအနား အစီအစဉ်များ အစမှအဆုံး စနစ်တကျ တင်ဆက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ပေးပါသော ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနား ကျင်းပမှုတွင် နည်းပညာများဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသော China Arts and Entertainment Group (CAEG) နှင့် LED၊ ဓာတ်ပုံနှင့် အနုပညာဆိုင်ရာအကြံပေးဖန်တီးမှုဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှတာဝန်ရှိသူများ အားလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့ဝင် ကလေးသူငယ်များအတွက် မုန့်ဖိုးငွေများ ချီးမြှင့်ဆောင်ရွက်ပေးခဲ့သည့် ဒေါ်နုနုရီ၊ Advisor, Myanmar Women Entrepreneur's Association နှင့် အလှူရှင်အသီးသီးအား လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**
**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်**
**ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ရှိခြင်း

(၁၁-၁၂-၂၀၁၃)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အောင်မြင်စွာ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)၊ ရတနာပုံတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)၊ ကျောက်ဆည်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောင်းသူများအားလည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်/မန္တလေး)တို့မှ ကျောင်းသား/ကျောင်းသူများအားလည်းကောင်း၊ သဘင်အစည်းအရုံးမှ အနုပညာရှင်များအားလည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ ကျောင်းသား/ကျောင်းသူများအားလည်းကောင်း၊ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီး ဌာနမှ အနုပညာရှင်စစ်သည်များ၊ ရဲမှုထမ်းများအားလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖျော်ဖြေရေးအဖွဲ့ဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆိုင်းဘုတ်ကိုင်အမျိုးသမီးငယ်များအားလည်းကောင်း၊ ပြည်သူချစ်သော တေးသံရှင်များ အားလည်းကောင်း၊ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့အားလည်းကောင်း၊ သဘင်အစည်းအရုံးနှင့် မြန်မာ့ဆိုင်းဝိုင်းပညာရှင်များအားလည်းကောင်း၊ မီးရှူးတိုင်လက်ဆင့်ကမ်း သယ်ပေးသည့် ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအားလည်းကောင်း အဘဝန်ကြီးမှ လှိုက်လှဲဝမ်းသာမှုများဖြင့် ကျေးဇူးတင်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

## မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးတွင် လုံခြုံရေးကင်မရာများတပ်ဆင်

**မုံရွာ ဒီဇင်ဘာ ၁၂**

အထက်မြန်မာပြည် မိုးညှင်းမြို့ရှိ နာမည်ကျော်သမ္ဗုဒ္ဓေဘုရားကြီးနှင့် ဘုရားဖူးပြည်သူများ၏လုံခြုံရေးအတွက် စီစီတီဗွီကင်မရာများ တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ ဘုရားတွင်းထားရှိသော အလှူခံပုံးများအတွက်သာမက လာရောက်ကြသော ဘုရားဖူးပြည်သူများလုံခြုံရေးအတွက်ပါ တပ်ဆင်ခြင်းဖြစ်ကြောင်း အဆိုပါကျောင်းတိုက်၏နာယကဆရာတော်အရှင်သုမနက မိန့်ကြားသည်။

သမ္ဗုဒ္ဓေဘုရားကြီးတွင် အရည်အသွေးကောင်းမွန်သော အဆင့်မြင့်လုံခြုံရေးကင်မရာရှစ်လုံးတပ်ဆင်ထားကြောင်း သိရသည်။ တပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့ရှိ ဒစ်ဂျစ်တယ်စီးတီးနည်းပညာကုမ္ပဏီက တာဝန်ယူတပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ သမ္ဗုဒ္ဓေဘုရားကြီး၏ထုထည်နှင့် အကျယ်အဝန်းကြီးမားသောကြောင့် တပ်ဆင်ခြင်းနှင့် ကေဘယ်လိုင်းဆွဲရသည်မှာ ရက်အနည်းငယ်ကြာမြင့်ခဲ့ကြောင်း၊ ကင်မရာများမှာ ညပိုင်းအမှောင်တွင်း၌ပင် အရည်အသွေးကောင်းမွန်စွာရိုက်ကူးနိုင်သော HD ကင်မရာများဖြစ်ကြောင်း၊ ပစ္စည်းတန်ဖိုး စုစုပေါင်းကျပ်သိန်း ၂၀ ကျော်ကုန်ကျကြောင်း အဆိုပါကုမ္ပဏီမှ ကွန်ရက်အင်ဂျင်နီယာ ကိုအောင်သူရက ပြောကြားသည်။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးကို ဒုတိယကမ္ဘာစစ်အတွင်း မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး ဘုရားကြီးတည်ဆောက်ချိန်မှာ အနှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီး မြန်မာတွင်သာမက ကမ္ဘာတွင်ပါထင်ရှားကျော်ကြားသော ဘုရားကြီးဖြစ်သည်။ ဘုရားကြီးတွင် ရုပ်ပွားစေတီပေါင်း ၅၈၂၃၆၃ ဆူကိန်းဝပ်တည်ရှိပြီး နေ့စဉ်နှင့်အမျှ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ကြကြောင်း သိရသည်။ ဘုရားကြီးတွင်ဓည့်သည်တော်များအခမဲ့တည်းခိုနိုင်ရန် ကျောင်းဝင်းအတွင်း၌ ဓည့်သည်ဇရပ်များစီစဉ်ထားပြီး ကျောင်းတိုက်နာယကဆရာတော်ကကြီးမှူး၍ တရားစခန်းများကိုလည်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**(ရဲထက်နိုင်)**



## ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှင့် LDSC တို့ပူးပေါင်း၍ မန္တလေးမြို့ရှိ မသန်စွမ်းသူများအား ခြေတုများပေးအပ်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ၏ ဘဝမြင့်မားတိုးတက်စေရေး အစဉ်တစိုက်ဆောင်ရွက်သွားရန် ဖွဲ့စည်းထားသည့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် LDSC (Latter -Day Saint Charities)တို့ ပူးပေါင်း၍ ခြေတုများနှင့် အထောက်အကူပြုပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီက ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းရှိ ရှမ်းတိုင်းရင်းသားများ သာရေး၊ နာရေးအသင်းတိုက်ခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပြီး မသန်စွမ်းသူများအပေါ်ထားရှိသည့် မသင့်လျော်သည့် ခံယူချက်များ၊ အတွေးအခေါ်၊ အယူအဆများ၊ စိတ်နေသဘောထားများကို ဖယ်ရှားပြီး အကောင်းမြင်၊ ရှုထောင့်သစ် အမြင်သစ်များဖြင့် နားလည်သဘောပေါက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် LDSC တို့ပူးပေါင်း၍ လှူဒါန်းမှုများမှာ ခြေတု ၄၈ ဦး၊ လေးဘီးလူကြီးစီးဝှီးချဲ ၁၄ စီးနှင့် လေးဘီးကလေးစီးဝှီးချဲ ရှစ်စီးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ရွှေပြည်သာမြို့နယ် ယုဝတီပန်းခြံဈေး (ယာယီဈေး) အဖြစ်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးအချို့၏အပြင်ဘက်တွင် ရောင်းချနေကြရသော ဈေးသည်များကို ဈေးများအတွင်း အခမဲ့ဝင်ရောက် ရောင်းချနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် ပထမအဆင့်ဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံရွှေပြည်ဈေး၊ ရွာသာကြီး လေးဒေါင့်ကန်ဈေး၊ သာကေတ(၁)ဈေး၊ (၂)ဈေးအပြင် အထူးစီမံဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် ဈေးသူဈေးသား ၁၀၀ ကျော်ခန့် ရောင်းဝယ်ဖောက်ကားအားထားနေကြရသော ရွှေပြည်သာမြို့နယ်ရှိ ယုဝတီပန်းခြံဈေးတို့ကို မိဘပြည်သူတို့၏တောင်းဆိုမှုကြောင့် မြေသားရှင်းလင်း ခင်းကျင်းဆောင်ရွက် ဈေးရုံများဆောက်လုပ်၍ ပြည်သူ့ဆန္ဒကို စေတနာထားဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ကာ ရွှေပြည်သာမြို့နယ် ယုဝတီပန်းခြံဈေး(ယာယီဈေး)အဖြစ် ဈေးများဌာနက တာဝန်ယူမြေညှိသဲဖို့ခြင်းများဆောင်ရွက်လျက်ရှိရာ ယင်းကို တွေ့ရှိနေကြရသော ဈေးသူဈေးသားများက သက်ဆိုင်ရာဌာနအကြီးအကဲများကို ကျေးဇူးတင်နေကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီဈေးလေးကို မှီခိုပြီး အဆင်ပြေအောင် ဈေးရောင်းနေကြရတာပါ၊ အခုလို ဈေးအတွင်းမှာ စနစ်တကျဝင်ရောင်းရမှာကို မြင်ရကြားရတော့ အရမ်းဝမ်းသာတာပေါ့ဗျာ၊ ဈေးသည်ချင်းအတူတူ ကျူးကျော်ဈေးသည်တွေလို့ အပြောမခံချင်ပါဘူးဗျာ"ဟူ၍ သတင်းမီဒီယာ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတစ်ခုတွင် ဈေးမိဈေးဖတစ်ဦးက ပြောကြားခဲ့သည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

**ကသာ ဒီဇင်ဘာ ၁၂**

ပွင့်လင်းရာသီရောက်ပြီဖြစ်၍ မီးလောင်မှုဖြစ်လာလျှင် မီးငြိမ်းသတ်ရန် အသိပညာနှင့် ဗဟုသုတများ မျှဝေပေးခြင်း သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းကို ကသာမြို့ သိရိခေမာဈေးကြီးတွင် ဒီဇင်ဘာ ၈ ရက်က ညနေ ၃ နာရီမှ ၄ နာရီထိ ကျင်းပခဲ့သည်။

အဆိုပါ မီးအန္တရာယ်ကြိုတင်ကာကွယ်သရုပ်ပြလေ့ကျင့်မှုကို ကသာမြို့ မီးသတ်ဦးစီးအရာရှိနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ပုံ သရုပ်ပြဆောင်ရွက်နေစဉ် မြို့နေပြည်သူလူထုနှင့် ဈေးသူဈေးသားများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အပါအဝင် အင်အား ၂၀၀ ခန့် တက်ရောက်ပညာယူခဲ့ကြောင်း သိရသည်။

**ဟိန်းမင်းနိုင်(ကသာ)**



### လူမှုရေး/စီးပွားရေးကြော်ငြာ

**ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။**

[illegible]

KBZ Bank Account No. 070 12 100 73 733

**Diploma in LOGISTICS MANAGEMENT**
**Diploma in SUPPLY CHAIN MANAGEMENT**

[illegible]

- [illegible]
- Industry Visit များ ... Logistics Interest Group ... Forum များတွင် Member ...
- ... AMA-UK နှင့် STI မှ ...

STI Education

Tel: 377988, 0403456475, 09420284672

Tel: 507048, 507151/52

ENROLL NOW!

စက်မှုရှူမ်းအားရ ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
**(Industrial Resources Development Public Co., Ltd)**

[illegible]

... ကုမ္ပဏီလီမိတက် (Industrial Resources Development Public Co., Ltd) ...

[illegible]

ဒါရိုက်တာအဖွဲ့
... အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်



# ယုဇလယ်-ဆည်ကြီးကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**ကလေးဝ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏လမ်းညွှန်မှုဖြင့် ကလေးခရိုင် ကလေးဝမြို့နယ် ယုဇလယ်ကျေးရွာနှင့် ဆည်ကြီးကျေးရွာအထိ ကျေးရွာပေါင်း ၁၆ ရွာကို ဖြတ်သန်းသွားမည့် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းသည် အရှည် ၂၁ မိုင်၊ မြေသားလမ်းအကျယ် ၁၈ ပေ၊ လမ်းမြေသားအမျိုးအစား ၄ ဒသမ သုညပေဒုရှိမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၂၄၇ ဒသမ ၁၇ သန်းအကုန်အကျခံ၍ ပန်းမွန်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိပြီး ယခုအချိန်တွင် မြေသားလမ်းတစ်ကြောင်းထိုး ၆ မိုင် ၄ ဖာလုံပြီးစီးပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ SAE ဦးသူရကျော်တို့သည် ဒီဇင်ဘာ ၇ ရက်တွင် အဆိုပါလမ်းဖောက်လုပ်မှုလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးကြပြီး လုပ်ငန်းအမြန်ပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းမကြီးပြီးစီးပါက ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၅၀ တွင် နေထိုင်ကြသော ကျေးရွာနေပြည်သူ ၂၂၀၀၀ တို့အတွက် အထောက်အကူပြုမည်ဖြစ်ပြီး ပြည်သူများ၏လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(ဂျိုးနက်)

## ပဲခူး၌ မီးသတိပြုရန် နှိုးဆော်

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးမြို့ပေါ်ရပ်ကွက်များအား ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ မီးသတိပြုရန်၊ မီးချိတ်၊ မီးကပ်၊ ရေအိတ်၊ သဲအိတ်များ အဆင်သင့်ထားရှိရန်နှင့် အချိန်ကန့်သတ်မီးအသုံးပြုကြရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ သုံးဘီးဆိုင်ကယ်ပေါ် အသံချဲ့စက်တင်ကာ ရပ်ကွက်အလိုက် မီးသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

(၅၈၇)

## ဒိုက်ဦးမြို့နယ်၌ မွေး/ရေ ကျေးလက်လူငယ်သင်တန်းဖွင့်

**ဒိုက်ဦး ဒီဇင်ဘာ ၁၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီးတွင် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မွေး/ရေ ကျေးလက်လူငယ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင့်သူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်သိန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ညွန့်ဝေက သင်တန်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အုန်းမြင့်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၆၈)

## ဓာတ်ပုံနှင့် စာအုပ်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရုံးတွင် ဓာတ်ပုံနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ထို့အပြင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ တိုက်ကြီးမြို့နယ်တွင် ဒီဇင်ဘာ ၉ ရက်နှင့် လှည်းကူးမြို့နယ်တွင် ဒီဇင်ဘာ ၁၀ ရက်က ပြပွဲများ ကျင်းပကြပြီး အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ ထန်းတပင်မြို့နယ်ရုံးများတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျင်းပသည့် အားကစားနည်း ခုနစ်မျိုးပါဝင်သည့် ၆ ပေ × ၄ ပေ ဗီနိုင်းဖြင့် မြေစိုက်နံရံကပ်ဘုတ်များတွင် ပြည်သူများသိရှိအောင် ပြသထားကြောင်း သိရသည်။**(ရဲထွဋ်ဝင်း)**

## မိုးညှင်းမြို့တွင်းလမ်း ကတ္တရာလမ်းတိုးချဲ့ခင်းကျင်း

**မိုးညှင်း ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့တွင်းလမ်းအရှည် နှစ်မိုင်တစ်ဖာလုံရှိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို နိုဝင်ဘာလလယ်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြို့တွင်းကတ္တရာလမ်းသည် ယခင် ၁၂ ပေအကျယ်ရှိရာ ယခုကတ္တရာလမ်းဘေး တစ်ဖက်လျှင် သုံးပေစီတိုးချဲ့၍ ၁၈ ပေအကျယ်သို့ တိုးချဲ့ခင်းကျင်းရာတွင် ဆောက်လုပ်ရေး လက်ထောက်အင်ဂျင်နီယာ ဒေါ်ရီရီခိုင်ကကြီးကြပ်၍ တာဝန်ခံ ဦးမြင့်သိန်းက လုပ်သားအင်အား ၃၀ ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး မိုးမကျမီ အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။



(ဌက်ခါး-မိုးညှင်း)

# စီးပွားရေးကြော်ငြာ







## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(၉-၁၅)၊ ရန်-မန်းကားလမ်းအနောက်၊ မုံရွေးကျောင်းမြောက်ဘက်၊ ဗိုလ်ကြီးစိုးညွှန့်၊ဒေါ်မိုမိုသန်းအမည်ပေါက် တောဂရန်မြေကွက်အား ဗိုလ်ကြီးစိုးညွှန့်(CHK-၁၂၄၈၈၉)၊ ဒေါ်မိုမိုသန်း (KPG-၁၆၈၃၇၄)မှ တောဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ လူနေရပ်ကွက်အမှတ်-၁၆/၁၊ ဇမ္ဗူလ(၃)လမ်း၊ မြေကွက်အမှတ်(၇၇၉)၊ ဧရိယာ ပေ(၆၀×၄၀)၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း(အရှေ့ဘက်ခြမ်း)၊ အလျား ပေ ၆၀×အနံ ပေ ၂၀ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဟာမီဒါန်းနီဆာ[၁၂/အစန(နိုင်)၁၅၆၆၆၇]၏ လွှဲအပ်ချက်အရ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးသိဟ[၁၂/ကမတ(နိုင်)၀၆၀၆၉၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီဝင့်(စဉ်-၂၄၀၀၉)** | **ဦးဝင်းရွှေ(စဉ်-၈၁၅၀)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၉၂၈၈၅၆၀** | **ဖုန်း-၀၉-၄၉၅၇၇၀၈၃** |

**အမှတ်(၅၀)၊ မြေညီထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၄) ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးမြို့တွင် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ(၂၀၁၄)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး (ကျား၊ မ) အလွတ်တန်း၊ (ကျား၊ မ)လူသစ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို နံနက် ၆ နာရီခွဲမှ စတင်တာလွှတ်စေပြီး(၂၆)လမ်းအတိုင်း လမ်း (၈၀) အထိ၊ ၎င်းမှ လမ်း (၈၀) အတိုင်း (၁၂) လမ်းအထိ၊ ၎င်းမှ (၁၂) လမ်းအတိုင်း (၆၆) လမ်းအထိ၊ ၎င်းမှ (၆၆) လမ်းအတိုင်း (၁၀)လမ်းအထိ၊ ၎င်းမှ (၁၀) လမ်းအတိုင်း (၆၂) လမ်းအထိ၊ ၎င်းမှ (၆၂) လမ်းအတိုင်း သိပ္ပံလမ်းအထိ၊ ၎င်းမှ သိပ္ပံလမ်းအတိုင်း ရန်ကုန်-မန္တလေးလမ်းဆုံအထိ၊၎င်းမှ ရန်ကုန်-မန္တလေးလမ်းနှင့် (၇၈) လမ်းအတိုင်း လမ်း (၃၀) အထိ၊ ၎င်းမှ လမ်း (၃၀) အတိုင်း ဗထူးကွင်းအထိ ၁၃ မိုင်ခန့် ပြေးလမ်းသတ်မှတ်၍ ပန်းဝင်စေမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားသားများ အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုပါက အလွတ်တန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပန်းဝင်သူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် လျှောက်လွှာများကို တစ်စောင်လျှင် ၃၀၀ ကျပ်နှုန်းဖြင့် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဗထူးကွင်းနှင့် မြို့တော်စည်ပင်ရုံး စီမံရေးရာဌာနတို့တွင် နောက်ဆုံးထားဝယ်ယူ၍ ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီ ခွဲထိ နောက်ဆုံးထား ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အင်္ကျီများကို ဇန်နဝါရီ ၁၀ ရက်ထိ ထုတ်ပေးသွားမည်ဖြစ်သည်။ မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၄)တွင် ဆုများကို အများဆုံး ကျပ် ၁၀ သိန်းမှ အနည်းဆုံး ကျပ်ငါးသောင်းထိ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# မိုးညှင်းမြို့၌ မြို့ရှောင်လမ်းဖောက်လုပ်

**မိုးညှင်း ဒီဇင်ဘာ ၁၂**

မိုးညှင်းမြို့တွင် သစ်လုံးတင်ကားကြီးများနှင့် လောင်စာဆီတိုင်ကီတင်ကားကြီးများသည် ပြည်သူကို အချိန်မရွေး အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် မြို့တွင်းသို့ ကွင်းရှောင်၍ မောင်းနှင်နိုင်သည့် မြို့ရှောင်လမ်းမှာ အမှန် တကယ်လိုအပ်လှသဖြင့် ယခုအခါ ကချင်ပြည်နယ်အစိုးရ၏ ကူညီပံ့ပိုးငွေကျပ်သန်း ၂၀၀ ဖြင့် ကညနရုံးအနီးမှ စတင်ဖောက်လုပ်နေသောလမ်းကြမ်းကို မြေထိုး မြေကုတ်စက်ယန္တရားဖြင့် ဇေယျာမင်းထက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၀ ရက်အထိ လမ်းကြမ်းအကျယ် ပေ ၄၀ ပေ ၆၀ ရှိပြီး အရှည်ငါးမိုင်နှစ်ဖာလုံခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့ရှောင်လမ်းအရှည်မှာ ရှစ်မိုင်နှစ်ဖာလုံရှိကြောင်းသိရသည်။ မြို့ရှောင်လမ်းကြောင်းပေါ်လမ်းမြေထဲတွင် ကျရောက်သော စိုက်ခင်းများ ပါရှိကြသော်လည်း မြို့ပြစည်ပင်ဖွံ့ဖြိုးရေးကိစ္စဖြစ်သည့်အတွက် စေတနာထား၍ လှူဒါန်းပေးခဲ့ကြောင်း စိုက်ခင်းရှင်တစ်ဦးက ပြောပြသည်။

**ငှက်ခါး(မိုးညှင်း)**

# တစ်ကိုယ်တော်စက်ဘီးစီးခရီးနှင်သူ ပခုက္ကူမြို့သို့ရောက်ရှိဖြတ်သန်း



**ပခုက္ကူ ဒီဇင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေချိန်တွင် ရခိုင်ပြည်နယ်မှမိုင်ပေါင်း ၂၅၀၀ တစ်ကိုယ်တော်စက်ဘီးစီးခရီးနှင်သူ ဦးလှရွှေ အသက်(၇၀)သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့မှစတင်ကာ ရခိုင်ပြည်နယ်မှ စက်ဘီးစီးနင်းထွက်ခွာ ဂုဏ်ပြုခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပွဲတော်ကို ဂုဏ်ပြုခရီးနှင်သူ ဦးလှရွှေသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင် နေထိုင်သူဖြစ်ပြီး အသက်(၇၀)ရှိနေပြီဖြစ်သည်။ "ကျွန်တော့်အနေနဲ့ (၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပွဲတော်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ မမောနိုင်မပန်းနိုင်သက်လုံကောင်းမွန်စွာနဲ့ မြန်မာ့အားကစားသမားတွေအောင်မြင်တဲ့ ပန်းတိုင်သို့ရောက်ရှိတက်လှမ်းနိုင်ရေးအတွက် အခုလိုအားပေးဂုဏ်ပြုခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

**အောင်(မန်းတက္ကသိုလ်)**



ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် လမ်းများတွင် အချိန်ကြာမြင့်စွာရပ်ထားသော မော်တော်ယာဉ်များကို အရေးယူပြီး ခုံးကျော်တံတားများတည်ဆောက်၍ တံတားများပေါ်မှ မောင်းနှင်ခွင့်ပြုထားသော်လည်း ဒီဇင်ဘာ ၉ ရက်ညနေ ၃ နာရီက ဘုရင့်နောင်တံတားအောက်တွင် မော်တော်ယာဉ်များ သူ့ထက်ငါလုယက် မောင်းနှင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်ကို တွေ့ရစဉ်။

**တင်မောင်ဦး (အလုံ)**

WALK-IN INTERVIEW

Universiti Malaysia Sarawak, the first full-fledged public university in Sarawak, invites qualified and dynamic individuals with explorative spirit to join its academic group as **contract** staff in the required fields below at Faculty of Medicine and Health Sciences:

- Anatomy
- Physiology
- Forensic Pathology
- Clinical Pharmacology
- Immunology
- Internal Medicine
- Obstetrics and Gynaecology
- Psychological Medicine
- Accidents & Emergency

Applicants are invited to attend the Walk-in Interview session as stated below:

Date: 19th Dec 2013 (Thurs)
Time: 0900 - 1200, 1400 - 1700
Location: PARKROYAL HOTEL, Yangon, Myanmar

Please visit our website www.unimas.my for further information on the required fields, qualifications requirement and walk-in interview procedures.

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

**အောင်လံမြို့နယ်အသင်းနာယက**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ သီရိသုဓမ္မဇာဓိဇောတဓရ(ဦးပွင့်ကောင်း)၏ဇနီး ရွှေပုစွန်မိသားတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်(၄)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရွှေပုဇွန်မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အောင်လံမြို့နယ်အသင်း**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်**

**(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅၄)၊ ၉လမ်း၊ သာသနပါလသံဃာ့ဒါနဆွမ်းလောင်းအဖွဲ့နာယကလူကြီး(ဦးပွင့်ကောင်း) သီရိသုဓမ္မဇာဓိဇောတဓရ၏ ဇနီး(သား)ဒေါက်တာတင့်စိုးလင်း၊ ညီအစ်ကိုမောင်နှမများ ရွှေပုစွန်မိသားစု၏မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်(၄)နာရီတွင် အမှတ်(၁၁၉) သံလွင်လမ်းနေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**၉လမ်း-မိသားစု၊ သာသနပါလ-သံဃာ့ဒါနဆွမ်းလောင်းအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြိုင်(ရေစကြို)**

**အသက်(၈၉)နှစ်**

ဒေါက်တာဝင်းအောင် (ဆေးရုံအုပ်ကြီး၊ ENT)-ဒေါက်တာအေးအေးသန်းတို့၏ မိခင်ကြီး ဒေါ်ခင်မြိုင်သည် ၆-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှုဆောင်အဖွဲ့**
**ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

1/E ကိုဟိန်းထက်စိုးခိုင်

**အသက်(၃၁)နှစ်**

**(CE-26) CDC-55833**

ချစ်ရပါသော မောင်လေး စိုးရေ--- မိဘအပေါ်သိတတ်လွန်းတဲ့ သားလိမ္မာ အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ရတာ အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေနဲ့အတူ မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါတယ်--

**အစ်ကို ကိုလှမင်း- အစ်မ နားနာ**
**တူလေး-ကျော်မင်းခန့်**
**ကသဲ၃-တောင်ငူမြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

**အသက်(၈၉)နှစ်**

ပြင်သစ်နိုင်ငံ၊ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မဟာသတိပဋ္ဌာန် ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ၏ သာသနာပြုလုပ်ငန်းများ အစဉ်ပြေချောမွေ့စေရန်အတွက် စွမ်းစွမ်းတမံ ပါဝင်လှူဒါန်း ကုသိုလ်ပြုဆောင်ရွက်ခဲ့ပါသော ရွှေပုစွန် မိခင်ကြီး ဒေါ်ခင်နွဲ့ရီ၊ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**ပြင်သစ်နိုင်ငံ၊ ပါရီမြို့**
**ထေရဝါဒ ဗုဒ္ဓသာသနာပြု ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌ**
**ဆရာတော်ကြီး၏ တပည့်၊ ဒါယကာ၊ ဒါယိကာမများ**
**သဘာဝ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

ဒေါက်တာဦးတင့်စိုးလင်း(Manging Director, Pwint Gaung and Khin Nwe-Ye Co.,Ltd & Shwe Pu Zun Co.,Ltd)ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး ပဆင)-ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်)အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးကျော်သိန်း၊ ဦးမျိုးမင်း၊ ဒေါ်ချိုချိုဝင်း**
**Cherry Xeno Trading Co.,Ltd**
**မိသားစုနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

1/E ကိုဟိန်းထက်စိုးခိုင်

**အသက်(၃၁)နှစ်**

**(CE-26) CDC-55833**

ချစ်ရပါသော မောင်လေး စိုးရေ--- မိဘအပေါ်သိတတ်လွန်းတဲ့သားလိမ္မာ အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ရတာ အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေနဲ့ အတူ မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါတယ်--

**အစ်ကိုကြီး ဦးဝင်းနိုင်သော်-အစ်မကြီး ဒေါ်နော်သွယ်ထူး**
**ချစ်တူလေးများ-ဇွဲထက်အောင်-သော်ထက်အောင်**
**သစ်တောဦးစီးဌာန-နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်)**

၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ဒေါက်တာတင့်စိုးလင်း မိသားစု နှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအေးဖေ-ဒေါ်ခင်မြင့်ရီနှင့်**
**ကိုမိုးလွင်အေးမိသားစု၊ တောင်ကြီးမြို့**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ရုပ်ရှင်သရုပ်ဆောင် ဘြိုကို(ခ)ဥက္ကာဦး

**အသက်(၃၃)နှစ်**

ချစ်ခင်ပွန်း ဇနီးနဲ့သားကို ခွဲခွာသွားခဲ့တာ ၁၃-၁၂-၂၀၁၃ရက်တွင် တစ်လပြည့်ခဲ့ပါပြီ၊ နေ့စဉ်ပြုသမျှ ကုသိုလ် ကောင်းမှုအတွက် ရောက်ရာ ဘုံဘဝမှ သာဓုခေါ်ပါ----

**ချစ်ဇနီး-တင်ဇာဝင်းမောင်(ခ)ငယ်ငယ်**
**ချစ်သား-မောင်ရာဇဝင်မင်း(အထက-၆၊ ဗိုလ်တထောင်)**

## တစ်လပြည့်အလွမ်း

## ဥက္ကာဦး(ခ)ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဘြိုကို

**အသက်(၃၅)နှစ်**

အချစ်ဆုံးသား "ဥက္ကာ"ရေ ဒီနေ့ဆိုရင် အဖေရယ် မင်းအမ "မမိုးမိုးအောင်"ရယ် မင်းသိပ်ချစ်မြတ်နိုးတဲ့ မင်းရဲ့ဇနီး "ငယ်ငယ်"နဲ့ မင်းအမြတ်တနိုးတန်ဖိုးထားတဲ့ မင်းရဲ့သား "ရာဇဝင်မင်း"ကို ခွဲခွာသွားခဲ့တာ ဒီနေ့ဆိုရင် တစ်လတိတိပြည့်တဲ့နေ့ပဲ. . . ဒါပေမယ့် အဖေ့ရဲ့သား အဖေ့ရဲ့အနားမှာ ရှိနေသလိုပဲမြင်ယောင်နေတယ်။ မှော်ဘီမြို့ ဇောတိရိပ်ငြိမ်တောရကျောင်းတိုက်ကြီးမှာ တစ်လပြည့်ကုသိုလ်ဒါနတွေပြုလုပ်ပေးပြီး သားရောက်ရာဘုံဘဝမှာ သာဓုခေါ်နိုင်ဖို့ရာ အမျှ---အမျှ---အမျှ ပေးဝေပါတယ်။

**မင်းရဲ့ဖခင်**
**ဦးတင်ဦးလေး**
**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)(ဥက္ကဋ္ဌ)**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတစိစစ်ရေးဘုတ်အဖွဲ့ဝင်**
**မမိုးမိုးအောင်(အစ်မ)**
**ငယ်ငယ်(ဇနီး)**
**ရာဇဝင်မင်း(သား)**
**အထက-၆(ဗိုလ်တထောင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမိ(ညောင်တုန်း)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ (၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်အေးမိ(ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်)သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် အဖွဲ့ဝင်များနှင့် လူမှုရေးကိစ္စဆောင်ရွက်နေစဉ် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Health Care Group(Yangon Myanmar)**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)**

**အသက် (၈၉)နှစ်**

ရွှေပုစွန်မိသားစု၏ ကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ကြီးကြီးဒေါ်ခင်နွဲ့ရီ သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေ)နေ့တွင် အမှတ်-၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူသားသမီးများဖြစ်သော Managing Director ဒေါက်တာတင့်စိုးလင်း၊ Director ဦးမြင့်အောင်၊ Director ဒေါ်ပွင့်မာခိုင် တို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် ဝန်ထမ်းများ**
**ရွှေပုစွန်ကုမ္ပဏီလီမိတက် ဝန်ထမ်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူရှင် သာသနာ့မိခင်ကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**

## ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)

**အသက်(၈၉)နှစ်**

ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်)၊ ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ၊ သြဇေါင်နာယကကြီး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (၆)ထပ်သိမ်ကျောင်းတော် ခတ်လှေကားအလှူရှင်အမကြီး၊ လိုပြည့်အေးချမ်းသာစေတီတော်မြတ်ကြီး၏ ဘုရားဒါယိကာမကြီး၊ ကျိုက္ကလော့ ရွှေမင်းဝံဘိုးဘွားရိပ်သာ ဆွမ်းစားကျောင်းအမကြီး သာသနာ့မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်)**
**သောကနာရာမရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)**
**ဂေါပကအဖွဲ့**
**နှင့်**
**ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဘေဘီ(မြင်းခြံ)**

**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၏ ချစ်လှစွာသောမိခင် ဒေါ်ဘေဘီသည် ၉-၁၂-၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာစိုးမြင့်နှင့်မိသားစု**
**EC (မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)**

**အသက်(၈၉)နှစ်**

၈-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့်မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောဝေနှင့်ညီအစ်ကိုများမိသားစု**
**Panda Hotel**

---

## ကားရောင်းမည်

SWIFT 2009 (9/E) ၉၅သိန်း
Succeed Diesel(ကူအမည်) ၁၂၅ သိန်း
ဖုန်း-၀၉-၇၃၂၃၃၅၇၀၊ ၀၉-၇၃၂၂၅၃၇၄

---

## သွေးသည်အသက်

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး အဂ္ဂမဟာသီရိဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သုဓမ္မမဏိဇောတရေ၊ အဘိဓမ္မရေ၊ သီဟသုဓမ္မမဏိဇောတရေ**
**သီတဂူ Dr.စိုးမြင့်-ဒေါ်နုနုအေး(မြိုင်ဆေးခန်း)မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**လ-၁၇၂၇၇၇၊ ရဲတပ်ကြပ်မြင့်စိုး (၅၂)နှစ်**

**မူးယစ်တပ်ဖွဲ့စု(၁၈)၊ မန္တလေး**

မူးယစ်တပ်ဖွဲ့စု(၁၈)၊ မန္တလေး(တောင်ပိုင်း)မှ ဦးမြင့်စိုး(ရဲတပ်ကြပ်)သည် ၉-၁၁-၂၀၁၃ ရက်(တနင်္လာနေ့) ၀၀း၄၅ နာရီတွင် မန္တလေးဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထွန်းထွန်းဦး-ချောချောအိ မိသားစု**
**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်**

---

## တစ်နှစ်ပြည့်အလွမ်း

**ဦးဌေးအောင်(ခ)ကိုအန့်ကူ**

**ပါကြီး**

မေကြီးတို့ သားအမိတွေကို ခွဲသွားတာ တစ်နှစ်တောင်ရှိပြီနော်။ ခဏလေးတောင်မေ့မရခဲ့ဘူး။ စောစောကြီးခွဲရမယ်လို့ထင်မထားဘူး။ ပါကြီးရှိတုန်းကလိုပဲ ဘဝကိုရိုးရှင်းစွာဖြတ်သန်းရင်း နောက်ဆုံးထွက်သက်ထိ ပါကြီးရဲ့ရုပ်ပုံလွှာနဲ့ စကားသံတွေကို မြင်ယောင်ကြားယောင်ပြီး သတိရနေမှာပါ။ ခန္ဓာအပြည့်ရှိတဲ့ ပါကြီး မြင့်မြတ်သောဘဝမှာ စံစားခံစားနိုင်ပါစေလို့ ဆုတောင်းရင်း မေကြီးပြုသမျှ ကုသိုလ်ကောင်းမှုအားလုံးကို ပါကြီး ရောက်ရာဘုံဘဝက သာဓုခေါ်ပါ။

**မေ့မရနိုင်တဲ့ ကျန်ရစ် မေကြီးနှင့်သားသမီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သာကေတမြို့နယ်၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုဇော်နှင့် ဇနီးဒေါ်အေးစန္ဒာမြိုင်တို့၏ ကျေးဇူးရှင်ဘွားဘွားကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မသန်းသန်းမော်၏ဖခင်ကြီး ဦးလှအောင်(စား/ဖျော်မန်နေဂျာ-ငြိမ်း) (၈၅)နှစ်သည် ၂၂-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**BDS25(Evening)သင်တန်းမှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးကျော်စွာဝေဖြိုး**

**အသက်(၂၇)နှစ်**

**ကြည်း-၄၇၈၉၅၊ စစ်တက္ကသိုလ် အမှတ်စဉ်(၄၉)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ ဒေါက်တာခင်မောင်ဆွေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး(ကံ့ကော်ဆေးခန်း)တို့၏ချစ်လှစွာသောသားကြီး တိုင်းပြည် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားတယ်ဆိုတာ ကြားသိရသည့်အတွက် သားကြီး မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပေမယ့် ပြည်ချစ်စစ်သားပီတဲ့ သားကြီးအတွက် အမြဲဂုဏ်ယူနေမှာပါ။

**ပဲခူးခရိုင်သာသနုဂ္ဂဟအသင်း**
**ပဲခူးတိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်ထွန်း - မအိန္ဒြေကျော်ဝင်း(ခ)မမီးမီး(USA) တို့၏ချစ်လှစွာသောဖခင် ဦးကျော်ဝင်း အသက်(၇၂)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Panasonic Customer Relation Office (Myanmar)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်ထွန်း-မအိန္ဒြေကျော်ဝင်း(ခ)မမီးမီး(USA) တို့၏ချစ်လှစွာသောဖခင် ဦးကျော်ဝင်း အသက်(၇၂)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသက်ထွန်းရှိန်စိုးနှင့်**
**Panasonic Authorized Service Center မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်-၁၁၉ နေ သီရိသုဓမ္မမဏိဇောတရေ(ဦးပွင့်ကောင်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုဇွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်တင်မုန့်ဆိုင်မိသားစု၊ ရန်ကုန်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းနေ သီရိသုဓမ္မမဏိဇောတရေ(ဦးပွင့်ကောင်း)၏ ဇနီး၊ ဒေါက်တာဦးတင့်စိုးလင်း(Shwe Pu Zun Co.,Ltd.)၊ ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး ပဆင) ဒေါ်ပွင့်မာခိုင်တို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ကျော်စိုး-ဒေါ်မြင့်မြင့်ခိုင်မိသားစု**
**(၉)လမ်း၊ ရန်ကုန်မြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

**အောင်လံမြို့နယ်အသင်းနာယက**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ သီရိသုဓမ္မမဏိဇောတရေ (ဦးပွင့်ကောင်း)၏ဇနီး ရွှေပုစွန်မိသားစုတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အထူးပင် လေးစားချစ်ခင်အားကိုးရပါသော "ကြီးကြီး"ကွယ်လွန်သွားခြင်းအတွက် ရွှေပုစွန်မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုစိုးပိုင်-မခင်မြတ်ဆွေ**
**ပိုင်မိသားစု**
**PAING FAMILY INTERNATIONAL Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)**

**အသက်(၈၉)နှစ်**

ရွှေပုစွန်မိသားစု၏မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်ဇင်ဦး-မစောလေစိန်**
**စင်ကာပူ**

---

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**ရုပ်ရှင်သရုပ်ဆောင် တိုးကို(ခ)ဥက္ကာဦး**

**အသက်(၃၃)နှစ်**

ချစ်သူငယ်ချင်း မိသားစုနဲ့ သူငယ်ချင်းများကို ခွဲခွာသွားတာ ၁၃-၁၂-၂၀၁၃ ရက်တွင် တစ်လပြည့်ပြီနော်။ ပြုသမျှကောင်းမှုအတွက် ရောက်ရာဘဝမှ သာဓုခေါ်ပါ။

**ချစ်သူငယ်ချင်းများ -** **ကိုကျော်ညွှန့်-မနိုင်နိုင်**
**သား-ဇိုင်သင့်မြတ်(အ.ထ.က-၆၊ ဗိုလ်တထောင်)**
**ကိုအောင်ကို-မတင်လေးနွယ်**
**သား-ရဲရင့်သီဟအောင်(အ.ထ.က-၆၊ ဗိုလ်တထောင်)**

---

## သင့်သွေးဖြင့်အသက်ကယ်ပါ

13-12(22).pmd 1 12/11/2013, 10:18 PM



## ဆီးဂိမ်းမြင်းအလှစီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဆီးဂိမ်းမြင်းစီးအားကစားပြိုင်ပွဲများကျင်းပလျက်ရှိရာ အဖွဲ့လိုက်မြင်းအလှစီးပြိုင်ပွဲကို မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား နိုင်ငံများမှ ဒီဇင်ဘာ ၁၃ ရက်တွင် စတင်ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ နိုင်ငံခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားများ ၂၄ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းအုပ်စုလိုက် အလှစီးပြိုင်ပွဲတွင် ပါဝင်သောအားကစားသမား ၂၄ ဦးကို ဆန်ခါတင်ရွေးချယ်ရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## မြန်မာတို့မျှော်လင့်ထားသည့် ရွှေရောင်အိပ်မက်များကို အကောင်အထည်ဖော်ပေးမည့် မြန်မာ့မြားပစ်အဖွဲ့

ကျင်းပဆဲဖြစ်သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာတစ်နိုင်ငံလုံးက မျှော်လင့်ရည်မှန်းထားကြသည့် ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ရန်အတွက် ပြိုင်ပွဲအရပ်ရပ်မှ အားကစားမောင်မယ်များ အစွမ်းကုန်ကြိုးစားပြိုင်ပွဲဝင်နေသကဲ့သို့ ပြိုင်ပွဲမစတင်မီ ကြိုတင်လေ့ကျင့်ကြိုးစားအားထုတ်နေကြသည့် အားကစားမောင်မယ်များသည်လည်း နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ရေးအတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားမြားပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဆင်နွှဲကြမည့် မြန်မာနိုင်ငံကိုယ်စားပြုမြားပစ်အားကစားမောင်မယ်များသည်လည်း မြန်မာတို့၏ မျှော်လင့်ချက် ရွှေရောင်အိပ်မက်များကို အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန်အတွက် အစွမ်းကုန်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ထို့အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များစွာ ဆွတ်ခူးနိုင်ရန် လေ့ကျင့်ကြိုးပမ်းနေကြသည့် မြားပစ်အားကစားမောင်မယ်များရှိရာ နေပြည်တော်မြားပစ်အားကစားကွင်းသို့ သွားရောက်၍ ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များ၊ နည်းပြများနှင့် တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်သည်။

ရှေးဦးစွာ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆွတ်ခူးပေးခဲ့သူ နိုင်ငံ့ဂုဏ်ဆောင် မြားပစ်အားကစားသမား **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| မြန်မာ | ၂၀ | ၁၃ | ၁၂ |
| ဗီယက်နမ် | ၁၆ | ၆ | ၁၀ |
| အင်ဒိုနီးရှား | ၁၀ | ၁၇ | ၁၁ |
| ထိုင်း | ၈ | ၁၅ | ၁၀ |
| စင်ကာပူ | ၆ | ၃ | ၉ |
| မလေးရှား | ၅ | ၆ | ၁၃ |
| ဖိလစ်ပိုင် | ၃ | ၅ | ၆ |
| ကမ္ဘောဒီးယား | ၃ | ၄ | ၉ |
| လာအို | ၁ | ၅ | ၉ |
| ဘရူနိုင်း | ၁ | ၀ | ၁ |
| တီမော | ၀ | ၀ | ၀ |

ငလိုက်ဆည်၌ ရွှေတံဆိပ်ဆုရ လေ့လော်အားကစားသမားများ ဆုချီးမြှင့် စာမျက်နှာ » ၇

နပန်းအားကစားပြိုင်ပွဲ တတိယနေ့ မြန်မာငွေတစ်ခု၊ ကြေးတစ်ခုရရှိ စာမျက်နှာ » ၇

## ထိုင်းက အင်ဒိုနီးရှားကို ဂိုးပြတ်ဖြင့်အနိုင်ယူပြီး သွင်းဂိုးအသာဖြင့် အုပ်စု၌ဦးဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အသင်းကြီးနှစ်သင်းဖြစ်သည့် ထိုင်းနှင့် အင်ဒိုနီးရှားတို့ တွေ့ဆုံခဲ့ကြသည်။

ထိုင်း - လေးဂိုး

အင်ဒိုနီးရှား - တစ်ဂိုး

အုပ်စုတွင်း အသင်းကြီးနှစ်သင်း ထိပ်တိုက်ဆုံတွေ့ခြင်းဖြစ်သော်လည်း အင်ဒိုနီးရှားခြေစွမ်းမှာ သိသိသာသာကျဆင်းနေ၍ ပွဲမှာ မျှော်လင့်ထားသကဲ့သို့ အကြိတ်အနယ်မဖြစ်ခဲ့ချေ။ ပွဲအစတစ်မိနစ်ကျော်မှာပင် ထိုင်းက အင်ဒိုနီးရှား၏ ပွဲအစ စပေးဘောကို ကွင်းလယ်မှပင် ဖြတ်တောက်၍ ကွင်းယာခြမ်းမှ အပေးအယူလုပ်ပြီး ဂိုးရှေ့ဖြတ်ပို့ပေးသည်ကို ကွင်းလယ်တိုက်စစ်ကစားသမား နံပါတ်(၁၀) Pokklow A Nan က ပင်နယ်တီစည်း ၁၈ ကိုက်အပြင်မှ ကန်ချက်ပြင်းပြင်းဖြင့် သွင်းယူ၍ ထိုင်းက ဦးဆောင်ဂိုးရရှိသွားသည်။

ဒေသတွင်းဘောလုံးအင်အားကြီး အင်ဒိုနီးရှားအသင်းမှာ ယနေ့ပွဲစဉ်တွင် ထိပ်တန်းအဆင့် အသင်းကြီးတစ်သင်း၏ ခြေစွမ်းကို မပြသနိုင်ခဲ့ချေ။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍



ထိုင်းကွင်းလယ်ကစားသမား Thitiphan Puangjan အင်ဒိုနီးရှားအသင်းဘက်သို့ စတုတ္ထဂိုးသွင်းယူစဉ်။ (ဓာတ်ပုံ-ရဲဟိန်း)





# ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ

အားကစားပြိုင်ပွဲ အထူးထုတ်

(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၁၃ - ၁၂ - ၂၀၁၃ (သောကြာနေ့)




(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတစ်ခုဖြစ်သည့် ရေကူးပြိုင်ပွဲကျင်းပရာ ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံတွင် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဖွင့်ပွဲစဉ်၌ အကြိတ်အနယ်ယှဉ်ပြိုင်ကူးခတ်နေသည့် ပြိုင်ပွဲဝင်နိုင်ငံများမှ ရေကူးအားကစားသမားများ။ ဓာတ်ပုံ - ချမ်းသာ(မိတ္ထီလာ)

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ပန်းဥယျာဉ်များလှပစွာစီစဉ်ထားရှိ

သစ်တောဦးစီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူလူထုအတွင်း နိုးကြားတက်ကြွသော အသိရှင်သန်စေရန် လူထုပညာပေး ဟောပြောပွဲများ ဆောင်ရွက်နေသကဲ့သို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်မည့် ပြည်တွင်းပြည်ပ ဧည့်သည်များ၊ အပန်းဖြေအနားယူရန် နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းများနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့အား မြင်ကွင်းပသာဒတင့်တယ်လှပကာ သွားလာ၊ ဆက်သွယ်၊ လုံခြုံမှုပြည့်စုံစေရန် Green, Clean and Friendship ဟူသော ဆောင်ပုဒ်နှင့်အညီ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၂ »»



ပန်ကြပ်ဆီလတ်

ဆီမီးဖိုင်နယ်ပွဲစဉ်များ

ဆက်လက်ကျင်းပ

စာမျက်နှာ ၂ »»

စက်ဘီးပြိုင်ပွဲ

အင်ဒိုနီးရှားအသင်းပိုလ်စွဲ

စာမျက်နှာ ၃ »»

“ပီတန်း” အုပ်စုပွဲစဉ်များ

စတင်

စာမျက်နှာ ၃ »»



(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းကကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများ၏ အလံများ၊ ရိုးရာအကများဖြင့် သရုပ်ဖော်တင်ဆက်မှုမြင်ကွင်း။

ဓာတ်ပုံ - ALEZ

# (၂၇) ကြိမ်မြောက် ဆီးဂိမ်းသေနတ်ပစ်ပြိုင်ပွဲ မြန်မာရွှေတံဆိပ်ဆု စတင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသေနတ်ပစ်ပြိုင်ပွဲ၏ ဒုတိယနေ့ပွဲစဉ် အမျိုးသမီး မီတာ ၅၀ ဝမ်းလျားမှောက် ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲအသင်းလိုက်တွင် မြန်မာက ငွေတံဆိပ်ဆုနှင့် တစ်ဦးချင်းတွင် ရွှေတံဆိပ်ဆုကို စတင်ရရှိသွားပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်သည့် အားကစားနည်း ၃၃ မျိုးအနက် တစ်မျိုးဖြစ်သည့် သေနတ်ပစ်ပြိုင်ပွဲများကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် မြောက်ပိုင်းရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပလျက်ရှိသည်။ အမျိုးသမီး မီတာ ၅၀ ဝမ်းလျားမှောက်ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာမှ သူသူကျော်၊ အေးအေးသင်း၊ သန်းသန်းစောတို့ အပါအဝင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊စင်ကာပူစသည့် နိုင်ငံတို့မှ သေနတ်ပစ်အားကစားသမား ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၃ »»



သေနတ်ပစ် တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာမှ သူသူကျော်။

## ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ ငလိုက်ဆည်တွင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ကနူးကယက်လှေပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ငလိုက်ဆည်၌ ကျင်းပသည်။

အမျိုးသမီးတစ်ဦးချင်း ကနူးမီတာ ၅၀၀ လှေလှော်ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ ခြောက်နိုင်ငံတို့ ယှဉ်ပြိုင်ရာတွင် အင်ဒိုနီးရှားနိုင်ငံမှ (ပထမ)ရွှေတံဆိပ်ဆုကို လည်းကောင်း၊ စင်ကာပူနိုင်ငံမှ (ဒုတိယ)ငွေတံဆိပ်ဆုကို လည်းကောင်း၊ ထိုင်းနိုင်ငံမှ (တတိယ)ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။

အမျိုးသား တစ်ဦးချင်း ကယက် မီတာ ၅၀၀ ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ကမ္ဘောဒီးယား ခြောက်နိုင်ငံ ယှဉ်ပြိုင်ကစားရာတွင် အင်ဒိုနီးရှား နိုင်ငံမှ (ပထမ)ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ

စာမျက်နှာ ၃ သို့ »»



ဆီးဂိမ်းဖွင့်ပွဲ အနုပညာရှင်များ၏ ဖျော်ဖြေမှုမြင်ကွင်း။

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၀)ဘဏ်မြောက်

# မြိတ်ဘဏ်ခွဲ (၂) ကို

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ တွင်

၁၃.၁၂.၂၀၁၃ (သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**မြိတ်ဘဏ်ခွဲ(၂)**

အမှတ်(၁၀၉)၊ ဗိုလ်ချုပ်လမ်း၊ ဆိပ်ငယ်ရပ်ကွက်

မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

ဖုန်း - (၀၅၉) ၄၁၃၇၀၊ ၄၁၉၈၄

ဖက်စ် - (၀၅၉) ၄၁၉၈၃

www.kbzbank.com





## ရောင်းမည်

ပေ ၂၀ × ပေ ၆၀
ဂရန်၊ ရေ၊ မီး(မြေပိုင်)
ဏ္ကန္ဒာ(၄)လမ်း၊ (၈)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
**ဖုန်း- ၀၉-၅၁၃၈၆၁၂၊**
**၀၉-၇၃၁၂၂၀၂၈**

## ရန်ကုန်စက်မှုတက္ကသိုလ်(1984-1993) ဘာသာရပ်ပေါင်းစုံ
## ၁၂နှစ်မြောက် သူငယ်ချင်းမိသားစုများတွေ့ဆုံပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

၁၉၈၄-၁၉၉၃ ရန်ကုန်စက်မှုတက္ကသိုလ် သူငယ်ချင်းမိသားစုများတွေ့ဆုံပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- နေ့ရက် ၂၀၁၃ ဒီဇင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့)၊ ညနေ (၅)နာရီ
- နေရာ Shwe Shan Kan Restaurant, Yangon Universities Boat Club, Inya Road, Kamayut Township

ဆက်သွယ်ရန် (Ec)(095181133), မြင့်သူ(Ec)(095124577)
(Civil)(095128593), (Mech)(0973060117)
(Mech)(092002924), (Chem)(09450011680)

## မင်္ဂလာညနေ့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်နေ
ဗိုလ်မှူးကြီးစံရွှေသာ(ငြိမ်း)-ဒေါ်လှစောနုတို့၏သား
**မောင်သက်ဦးစံ** B.A(Eco)
Chief Mate (F.G), Marine Co., Ltd
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်သီရိကွန်ဒိုနေ
ဦးညီညီ-ဒေါ်နော်အဲလာတို့၏သမီး
**မဇင်နန္ဒာလွင်** B.A(Law)

တို့၏ ၃-၁၁-၂၀၁၃ရက်တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၊ ၉-၁၁-၂၀၁၃ရက် မင်္ဂလာဒုံဥယျာဉ်မြို့တော် မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကပ်လှူခြင်း၊ ၁-၁၂-၂၀၁၃ရက်တွင် Chatrium Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညနေ့ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်သက်ဦးစံ-မဇင်နန္ဒာလွင်**

## အဲယားကွန်း အမျက်ဝယ်သည်။

Ph : 09-540 6607

## ကားရောင်းမည်
### (ပိုင်ရှင်ကိုယ်တိုင်)

Toyota Vitz 2010,
1300CC, Black, AC,
TV, Back Camera
မှန် ၅ ချပ် အမည်း၊ 3E/...
**ဖုန်း- ၀၉-၈၆၂၀၇၁၆**
Toyota Vitz 2008,
1300CC, White, AC
မှန် ၅ ချပ် အမည်း၊ 3E/---
**ဖုန်း- ၀၉-၂၅၀၀၃၀၃၈၀**

## ဒေးဒရဲမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
## (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ပါ၍ ဒေးဒရဲမြို့ အထက(၁)တွင် အနည်းဆုံး(၁)နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများသည် အာစရိယပူဇော်ပွဲသို့ ကြွရောက်ချီးမြှင့် ကန်တော့ခံပေးပါရန်နှင့် အထက(၁)တွင် ပညာသင်ကြားဖူးသူတိုင်း ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြု ပူဇော်ကန်တော့ကြရင်း ငယ်သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ကြရအောင် မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **နေ့ရက်** | - ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - မွန်းတည့် ၁၂ နာရီ |
| **နေရာ** | - ကရဝိက်ခန်းမ၊ အထက(၁) ဒေးဒရဲမြို့ |

**ကျင်းပရေးဦးစီးကော်မတီ**

**ဆက်သွယ်လှူဒါန်းရန်ဖုန်း-**

| | |
|---|---|
| **ဦးတင်လှိုင်** | ဖုန်း- ၀၉-၄၉၇၅၉၁၅၇ |
| **ဦးသန်းထွန်း** | ဖုန်း- ၀၉-၄၉၇၅၉၄၂၃ |
| **ဦးဝင်းထွန်းအောင်** | ဖုန်း- ၀၉-၄၂၂၄၄၉၆၇၇ |
| **ဦးအောင်ကျော်ဦး** | ဖုန်း- ၀၉-၈၅၅၂၇၂၀ |
| **ဒေါ်သန်းသန်းဝင်း** | ဖုန်း- ၀၉-၃၁၃၈၉၁၄၅ |

## Congratulation Grand Opening Ceremony

Sinma Furnishings Co.,Ltd.၏ Sinma Living Mall ကို
နေပြည်တော် ဥတ္တရသီရိမြို့နယ် Commercial Complex ၌
၆.၁၂.၂၀၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
ဂုဏ်ယူပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း
မန်းစွယ်တော် မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မန်းစွယ်တော် Restaurant
မန်းစွယ်တော် Thai Express
Chaing Mai Cafe
Cotton Lady

Ph : 703790,09-861-9008
707062,09-861-7770

















## CONSUMER DEVELOPMENT PUBLIC COMPANY LIMITED (C D P C)

## စားသုံးသူဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် ခွင့်ပြုချက် အမှတ်- ၁၉၁၄/၂၀၁၃-၂၀၁၄ (၁၃.၁၀.၂၀၁၃) ဖြင့် စားသုံးသူဖွံ့ဖြိုးတိုးတက်ရေး အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက် (CONSUMER DEVELOPMENT PUBLIC COMPANY LIMITED) အားအများပိုင် ကုမ္ပဏီ အဖြစ်တည်ထောင်ပြီးဖြစ်ပါသည်။

၂။ ကျွန်တော်များ၏ အများပိုင်ကုမ္ပဏီသည် စားသုံးသူမိတ်ဆွေပြည်သူများကို အရည်အသွေးစံမီသည့် စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းများအား မျှတသောဈေးနှုန်းများဖြင့် ချမ်းမြေ့ပျော်ရွှင်စွာဝယ်ယူသုံးစွဲနိုင်ရေး၊ အစုရှယ်ယာရှင်များအား ထိုက်သင့်သောအကျိုးအမြတ်များရရှိရေး၊ ပြည်တွင်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး၊ အနာဂတ်လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်သွားမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လက်လီ၊ လက်ကားအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း။
(ခ) ပြည်တွင်း၊ ပြည်ပ မှထုတ်လုပ်သော စားသောက်ကုန်၊ လူသုံးကုန်များ အားတင်သွင်း၊ ထုတ်ပိုး၊ ဖြန့်ဖြူးခြင်း။
(ဂ) ပြည်တွင်းကုန်စည် သယ်ယူပို့ဆောင်ရေး များ ဝန်ဆောင်မှုပေးခြင်း။
(ဃ) အသေးစားငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း။
(င) ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၄။ ရင်းနှီးမြှုပ်နှံရန်စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် တရားဝင်လုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ် ( Certificate for Commencement of Business ) ရရှိသည့် အခါတွင်အစုရှယ်ယာရောင်းချမည့် အစီအစဉ်ကို အသေးစိတ်ထပ်မံ ကြေညာသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၊
C D P C

CONSUMER DEVELOPMENT PUBLIC Co.,Ltd (CDPC)
အမှတ် (၄၀-၄၁)၊ လှိုင်ရတနာမွန်အိမ်ရာ
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၉၅-၁-၆၅၄၇၇၄၊ ၆၅၄၇၇၅၊ ၆၅၄၇၇၆
E-mail – conco consumer@gmail.com, Fax. ၉၅-၁-၅၂၀၈၀


One stop service in design & built & construction.
RICH LIFE
CONSTRUCTION & DECORATION
Better Design for Better Life.
3FL, Building 5, Junction Square, Kamaryut Township, Yangon, Myanmar
HOT LINES: 09 2501 90379, 09 420 245116, 09 420 255330
www.richlifecompany.com


ဂျာမန်နည်းပညာဖြစ်သော
အပြာရောင်အမှုန်နှင့် လီမွန် ပေါင်းစပ်စွမ်းအား ကြောင့်
အကြွင်းမဲ့ဖြူစင်တောက်ပစေသည့် XTRA ဆပ်ပြာမှုန့်အသစ်။
XTRA
Blue & Lemon
POWER
ဂျာမန်
နည်းပညာ
XTRA မြန်မာပြည်တွင်ရရှိနိုင်ပါပြီ !
Henkel